# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၁)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## စက်မှု(၂) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ စက်ရုံများကြည့်ရှုစစ်ဆေး

## အရည်အသွေးကောင်းမွန်သောပစ္စည်းများ ထုတ်လုပ်ရန်မှာကြား

နေပြည်တော် မေ ၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် မေ၁ရက်တွင် အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)ရှိ Myanmar Double Cab မော်တော်ယာဉ်တပ်ဆင်ရေးအလုပ်ရုံ၌ အသစ်ထပ်မံတည်ဆောက်ထားပြီးဖြစ်သော Assembly Line နှင့် Painting Booth များတွင် မော်တော်ယာဉ်များထုတ်လုပ်နေမှု၊ Press Shop အတွင်း အသစ်ထပ်မံတပ်ဆင်ထားသည့် Press Machine များဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုအရှိန်အဟုန်ရရှိရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်၍ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ သတ်မှတ်အရေအတွက်အတိုင်း ထုတ်လုပ်သွားကြရန် မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

နေပြည်တော်လယ်ဝေး နန္ဒင်းကျေးရွာအနီး မဒန်းချောင်းကိုပိတ်၍ တည်ဆောက်နေသော မဒန်းရေလှောင်တမံ၏ ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

# ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေဖို့ ဆောင်ကြဉ်းပေးမည့်

# နေပြည်တော်လယ်ဝေးက မဒန်းရေလှောင်တမံ

| | |
|---|---|
| သတင်းမြင်ကွင်း | - ကျော်စိန် |
| ဓာတ်ပုံမှတ်တမ်း | - အောင်သန်း(မင်္ဂလာတောင်ညွန့်) |
| စာမျက်နှာဖွဲ့စည်းမှု | - ဝင်းချို (မြန်မာ့အလင်း) |

ရန်ကုန် မေ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ယင်းသို့ ပေါကြွယ်ဝသော ရေ၊ မြေ၊ သယံဇာတ အရင်းအမြစ်များ ရှာဖွေဖော်ထုတ်လျက် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားရေးဘဝ တိုးတက်စေရန် လုပ်ငန်းကဏ္ဍအသီးသီးမှ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### စီစဉ်ဆောင်ရွက်ပေး

လွန်ခဲ့သော မတ်၁၁ရက်က ဖြစ်ပါ၏။ နေပြည်တော်ပျဉ်းမနား သစ်ဆိမ့်ပင်ကျေးရွာအနီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ပေါင်းလောင်းရေလွှဲဆည်သတင်းရယူရန် အသွားလမ်းခရီးတစ်ဆက်တည်းဖြစ်သော နေပြည်တော်လယ်ဝေးအတွင်း *စာမျက်နှာ ၈ ကော်လံ ၁* *

နေပြည်တော်လယ်ဝေးရှိ မဒန်းရေလှောင်တမံ၏ ချောင်းပိုင်းတမံ မြေဖို့ခြင်းကို ဤသို့ စက်ယန္တရားများဖြင့် ဆောင်ရွက်နေကြသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

# အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၄ ရက်)

## ရေသယံဇာတပစ္စည်းများ နည်းစနစ်တကျ တိုးမြှင့်ထုတ်လုပ် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာသကဲ့သို့ တစ်နှစ်ထက်တစ်နှစ် သားငါးစားသုံးမှုသည် တိုးတက်မြင့်မားလာသည်။ ငါးနှင့်ရေထွက်ပစ္စည်းများ ဝယ်လိုအားမြင့်တက်လာပြီး မိမိနိုင်ငံမှထွက်ရှိသော ရေထွက်သားငါးများကို နည်းမျိုးစုံပြုပြင်ဖန်တီး၍ ကမ္ဘာ့ဈေးကွက်များသို့ တင်ပို့ရောင်းချခဲ့ကြသည်။

မြန်မာနိုင်ငံသည် သဘာဝဖြစ်တည်နေသော ရေသယံဇာတနှင့်ပြည့်စုံသည့်အလျောက် သဘာဝအရင်းအမြစ်ကို အခြေပြု၍ နိုင်ငံ၏စီးပွားရေးကုန်ထုတ်စွမ်းအားများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိသည်။ ရေမြေရာသီဥတု သင့်တင့်မျှတသောအနေအထားရှိ၍ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံဖြင့် ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

မြန်မာနိုင်ငံ၌ ကုန်းတွင်းပိုင်းငါးလုပ်ငန်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တွင်ဖမ်းဆီးသည့် ရေချိုငါးလုပ်ငန်းတို့ရှိရာ ရေငန်ငါးဖမ်းလုပ်ငန်း၌ ကမ်းနီးနှင့်ကမ်းဝေး ငါးဖမ်းလုပ်ငန်းတို့ ပါဝင်သည်။

ရေချို ရေငန် ငါး၊ ပုစွန် သယံဇာတများကို ပြည်တွင်းစားသုံးရန်သာမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း၊ ပြည်တွင်း၌ သားငါးစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားငွေရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်း၊ သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပိုမိုထွန်းကားလာစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ငါး၊ ပုစွန် ထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးရန် အကောင်အထည်ဖော်လျက်ရှိသည်။

သဘာဝကပေးအပ်ထားသော ရေသယံဇာတများကို ထုတ်ယူသုံးစွဲသကဲ့သို့ ယင်းသယံဇာတများ မကွယ်ပျောက်ရန်၊ မပျက်စီးရန်အတွက် ထိန်းသိမ်းထားရှိရမည်ဖြစ်ရာ ရေသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် ပညာပေးခြင်း၊ ဥပဒေများထုတ်ပြန်၍ တားမြစ်ခြင်းများဖြင့် ထိန်းသိမ်းကာကွယ်လျက် ရှိသည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများသည် ရေသယံဇာတပစ္စည်းများကို နည်းစနစ်ကျစွာ အသုံးပြုသွားကြရန်နှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စေရန် ပါဝင်လက်တွဲ ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ရတနသုတ် |
| ၅:၁၅ | MRTV-4 နံနက်ခင်းသတင်း |
| ၆:၀၀ | **မူလနှစ်ဖြာ ကြေးဖလားဥပမာပြ အဝိဇ္ဇာအဖ တဏှာအမိ**တရားတော် (ဆရာတော် ဦးအဂ္ဂဉာဏ) |
| ၇:၀၀ | ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၄) |
| ၇:၃၀ | The Jetsons |
| ၈:၀၀ | MRTV-4 နံနက်ခင်းသတင်း |
| ၈:၄၅ | အနုပညာမိုးကောင်းကင် |
| ၉:၁၀ | ငွေချည်(၆) ချည်မျှင်ရှည်ဝါ တိုးကာ စိုက်ပျိုးပါ |
| ၉:၃၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉:၅၅ | လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည် |
| ၁၀:၀၅ | MRTV-4 ကျန်းမာရေးကဏ္ဍ (ခံတွင်းကင်ဆာရောဂါ အကြောင်းသိကောင်းစရာ) |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | Own Creative Fashion |
| ၁၁:၁၀ | ရိုးမနှင့် ပင်လယ်ကြား အလှများကြွယ်တဲ့"တောင်ကုတ်နယ်" |
| ၁၁:၂၀ | စားချင်စဖွယ် နည်းအသွယ်သွယ် (သိုးသားခါးပတ်နှင့် သိုးလက်ပြင်သားကင်) |
| ၁၁:၃၅ | ကွန်ရက်ပမာ ယှက်သွယ်ဖြာ |
| ၁၁:၄၅ | ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (တင့်တင့်ထွန်းနှင့် တွေ့ဆုံခြင်း) |
| ၁၂:၁၅ | ကူးစက်မဟုတ်သောရောဂါများကာကွယ်ထိန်းသိမ်းရေး (ပါမောက္ခ ဒေါက်တာခင်မေစန်း၊ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာစိုးဦးမောင်) |
| ၁၂:၄၀ | Shooting Location (Olympic Tower မှ ရုံးခန်း) |
| ၁:၀၀ | **မူလနှစ်ဖြာ ကြေးဖလားဥပမာပြ အဝိဇ္ဇာအဖ တဏှာအမိ**တရားတော် (ဆရာတော် ဦးအဂ္ဂဉာဏ) |
| ၂:၀၀ | ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော် |
| ၂:၁၀ | စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina) |
| ၂:၄၅ | လူငယ် IT ပညာရှင်များနှင့် Software Engineering |
| ၃:၁၀ | Art Vision (Wild Eye 7) |
| ၃:၂၀ | တေးဂီတအစီအစဉ် |
| ၃:၄၀ | လေ့လာစရာ ကွန်ပျူတာကမ္ဘာ (အဆင့်မြင့် ကွန်ပျူတာ တပ်ဆင်ခြင်း) |
| ၃:၅၅ | Man and the Elephant (အပိုင်း-၂) |
| ၄:၃၀ | Study Guide (တစ်ခိုင်လုံးရွှေ အေးအေးမြင့်၏ အနုပညာ သင်တန်းများ) |
| ၅:၀၀ | သူ၏အနုပညာနှင့် အလှသစ္စာတရား (စန္ဒရားလှထွတ်) |
| ၅:၄၀ | Own Creative Fashion |
| ၆:၀၀ | MRTV-4 ညနေခင်းသတင်း |
| ၆:၁၅ | အနုပညာမိုးကောင်းကင် |
| ၆:၄၀ | MRTV-4 ကျန်းမာရေးကဏ္ဍ (ခံတွင်းကင်ဆာရောဂါ အကြောင်းသိကောင်းစရာ) |
| ၇:၀၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နတ်မိမယ်များ** |
| ၇:၂၅ | Shooting Location (Olympic Tower မှ ရုံးခန်း) |
| ၇:၄၅ | စားချင်စဖွယ် နည်းအသွယ်သွယ် (သိုးသားခါးပတ်နှင့် သိုးလက်ပြင်သားကင်) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၁၅ | နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ (Central Tower) |
| ၈:၄၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉:၀၀ | စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina) |
| ၉:၃၀ | ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၄) |
| ၁၀:၀၀ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၁၁:၄၅ | ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (တင့်တင့်ထွန်းနှင့်တွေ့ဆုံခြင်း) |
| ၁၂:၁၀ | Man and the Elephant (အပိုင်း-၂) |
| ၁၂:၅၀ | လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည် |
| ၁:၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

Barclay Premier League (35) **ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၄ | Aston Villa - Hull City | ESPN (Live) |

## မြဝတီရုပ်မြင်သံကြား

၄-၅-၂၀၀၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုမြှားဝင် |
| ၇:၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၁၅ | ၄။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၂၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၂၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄:၄၀ | ၇။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၄:၅၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅:၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၄၀ | ၁၄။ | သွက်လက်လှုပ်ရှား ကစားစို့လား |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၂၉) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | Talk of the Town |
| | ၂၀။ | မေးမြန်းစူးစမ်း |
| | ၂၁။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း **သက်စွန့်ဆံဖျား** |

## အမ်းမြို့နယ် သံပေါင်ဘောလီတံတားနှင့် ကွန်ကရစ်ရေပြွန်တံတား ဆောင်ရွက်မှု

## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဧပြီ ၂၄ ရက်က အမ်းမြို့နယ် သံပေါင်ဘောလီတံတားနှင့် ကွန်ကရစ်ရေပြွန်တံတားလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လက်တွေ့သရုပ်ပြ**

ထို့နောက် တိုင်းမှူးသည် တပ်တောင်ကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ Bio Battery ထုတ်လုပ်တပ်ဆင် အသုံးပြုနည်းအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသ ရှင်းလင်းပြီးနောက် လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူးသည် တိုက်နယ်ဆေးရုံနှင့် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ကျေးရွာချင်းဆက်လမ်း**

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ တပ်တောင်ကျေးရွာနှင့်လုပ်ရွာတို့အား ကျေးရွာချင်းဆက် ဖောက်လုပ်နိုင်မည့်လမ်းအခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

**နွေစပါးစိုက်ခင်း**

ယင်းနောက် တိုင်းမှူးသည် စိန်ပိုက်ကျေးရွာ၌ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ Bio Battery ထုတ်လုပ်တပ်ဆင် အသုံးပြုနည်းအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသရှင်းလင်းပြီး နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) သို့ Portable Operating Microscope လေးလုံးလှူဒါန်း

ရန်ကုန် မေ ၃

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်နန်းသန်းထွေးလှုမှုထူးချွန်(ပထမဆင့်)တို့က ကျပ်သိန်း ၁၀၀တန်ဖိုးရှိ Portable Operating Microscope လေးလုံး ပေးအပ်လှူဒါန်းပွဲကို အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀) မျက်စိကုဌာနတွင်ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီးကိုယ်စား ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က Portable Operating Microscope လေးလုံးကို ပေးအပ်လှူဒါန်းရာ ခေတ္တတပ်မှူး ဗိုလ်မှူးချုပ်ထွန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်းသိရသည်။**(ယာပုံ) (မြန်မာ့အလင်း)**

# ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၃

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျူးဘားသမ္မတနိုင်ငံ ဟာဗားနားမြို့၌ ဧပြီ ၂၇ရက်မှ ၃၀ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မေ ၂ရက် ညပိုင်းတွင် ဗန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

## အမှာစကားပြောကြား

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉နာရီတွင် ဟာဗားနားမြို့ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျူးဘားနိုင်ငံ သမ္မတ H.E. Mr. Raul Castro Ruz တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် ၁၁၉နိုင်ငံ၊ လေ့လာသူ ၁၄နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ခြောက်ဖွဲ့၊ အထူးဖိတ်ကြားသည့်နိုင်ငံ ၂၉နိုင်ငံတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၇၀၀ကျော် တက်ရောက်ခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပသော ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ပြီး အာရှဒေသမှ ရွေးချယ်တင်မြှောက်သော အစည်းအဝေး ဒုတိယဥက္ကဋ္ဌ တစ်ဦးအဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဧပြီ ၃၀ရက် နံနက်ပိုင်းတွင် မျက်နှာစုံညီ အစည်းအဝေး၌ အထွေထွေမူဝါဒဆိုင်ရာ မိန့်ခွန်းပြောကြားသည်။ ထိုသို့ပြောကြားရာတွင် မျက်မှောက်ကာလ၏ ဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ်နှင့် ကမ္ဘာ့စီးပွားရေးအခြေအနေ မရေရာမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခက်ခဲသည့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေကြောင်း၊ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး ပြန်လည်ရှင်သန်ရန်အတွက် အရေးယူဆောင်ရွက်ချက်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများအား ခုတုံးမဖြစ်စေရန် ဆောင်ရွက်သင့်ကြောင်း။

## နည်းလမ်းရှာဖွေဆောင်ရွက်

ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေး အကျပ်အတည်းကြောင့် နိုင်ငံတိုင်းတွင် ပြည်တွင်းထုတ်လုပ်မှုများနှင့် ပြည်ပပို့ကုန်ပမာဏများ သိသိသာသာကျဆင်းလျက်ရှိကြောင်း၊ ဤစီးပွားရေးအကျပ်အတည်းကို အကြောင်းပြုပြီး ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်များအပေါ် တားဆီးကန့်သတ်မှုများ လုပ်ဆောင်နေသည့်အတွက် ကမ္ဘာ့ကုန်သွယ်မှုတွင် မမျှတမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် ဘက်မလိုက်အဖွဲ့ဝင် နိုင်ငံများအချင်းချင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်သွားနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ယခုဖြစ်ပေါ်နေသည့်ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို အခွင့်ကောင်းယူပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဗန်းပြကာ ဖွံ့ဖြိုးပြီးနိုင်ငံအချို့က တတိယကမ္ဘာ နိုင်ငံများအပေါ် နိုင်ငံရေးဖိအားပေးရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများ ပြုနေကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အများပြည်သူ၏ ဆန္ဒနှင့်အညီ ၎င်းတို့၏ အနာဂတ်ကို ကိုယ်ပိုင်ဖန်တီးပိုင်ခွင့်ရှိသည့် အားလုံးနှင့်ဆိုင်သော စံနှုန်းတစ်ခုသာဖြစ်ကြောင်း၊ တစ်ခုတည်းသော စံပြဒီမိုကရေစီ ပုံစံဟူ၍ မရှိပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တစ်ဖက်သတ်ချမှတ်ထားသည့် ပိတ်ဆို့မှုများသည် ယင်းနိုင်ငံများ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ထွန်းကားရေးအတွက် အထောက်အကူမပြုသည့်အပြင် နိုင်ငံတကာဥပဒေများနှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် ယင်းအရေးယူပိတ်ဆို့မှုများကို အမြန်ဆုံးရုပ်သိမ်းသင့်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

## ပံ့ပိုးပေး

ထို့ပြင် ဝန်ကြီးသည် ယခုရက်ပိုင်းအတွင်း မက္ကဆီကိုနိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ဝက်တုပ်ကွေးရောဂါပိုး ပျံ့နှံ့မှုကို ကာကွယ်တားဆီးရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ အရေးတကြီးလိုအပ်မည့် ဆေးဝါး၊ ငွေကြေးနှင့် ကျွမ်းကျင်မှု အကူအညီများကို ဖွံ့ဖြိုးပြီးနိုင်ငံများက ပံ့ပိုးပေးအပ်သွားရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးက မြန်မာနိုင်ငံ၌ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုရရှိနေသည့် အခြေအနေများ၊ နာဂစ်ဒဏ်သင့် ဒေသနှင့် ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

## အမြင်ချင်းဖလှယ်

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၂၇ရက် မွန်းလွဲ ၂နာရီတွင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာန Vice Minister H.E. Mr. Marcos Rodriguez Costa အား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေး၊ အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများကို ဆွေးနွေး အမြင်ချင်းဖလှယ်သည်။

ဝန်ကြီးသည် ဧပြီ၂၉ရက် ညပိုင်းတွင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bruno Rodriguez Parrilla က တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

## အတည်ပြု

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုဝန်ကြီးများ အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် အီဂျစ်နိုင်ငံ၌ကျင်းပမည့် (၁၅)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးညီလာခံအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်။ ယခုအစည်းအဝေးမှ (၁၅)ကြိမ်မြောက် ထိပ်သီးညီလာခံသို့တင်ပြမည့် အပြီးသတ်ကြေညာစာတမ်းနှင့်အတူ မျက်မှောက်ကြုံတွေ့နေရသည့် ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေးအကျပ်အတည်းကိစ္စ၊ ဝက်တုပ်ကွေးဒဏ်ခံနေရသည့် မက္ကဆီကိုနိုင်ငံကိစ္စ၊ ပါလက်စတိုင်းနှင့် ဗင်ဘာဇွဲနိုင်ငံကိစ္စတို့နှင့်စပ်လျဉ်းသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ သဘောထားကြေညာစာတမ်းများကိုလည်း အတည်ပြုချမှတ်နိုင်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၇ရက်မှ ၂၈ရက်အထိ ကျင်းပသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

## ညှိနှိုင်းဆွေးနွေး

အဆိုပါအစည်းအဝေးတွင် ၂၀၀၉ ခုနှစ် ဇူလိုင်လ အီဂျစ်နိုင်ငံ၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးညီလာခံသို့ တင်ပြရန်ရှိသော အပြီးသတ် ကြေညာစာတမ်းပါ အခန်းကဏ္ဍများဖြစ်သည့် မျက်မှောက်နိုင်ငံတကာရေးရာအခြေအနေများ၊ ဒေသနှင့် ဒေသခွဲများအတွင်း နိုင်ငံရေးကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားသမ္မတနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)မှ ထုတ်လုပ်သည့် ရေအားလျှပ်စစ်တာဘိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

## ကြည့်ရှုစစ်ဆေး

ထို့နောက် မေ ၂ရက်တွင် ဘက်ထရီထုတ်လုပ်မှုအလုပ်ရုံ၌ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ အသစ်တည်ဆောက်ပြီးစီးပြီဖြစ်သော Waste Water Treatment Plant လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## အားပေး

ယင်းနောက် အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)၌ ထုတ်လုပ်ပြီး ရေအားလျှပ်စစ်တာဘိုင်များနှင့် စက်မှုသင်တန်းကျောင်းများအတွက် စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပန်းတောင်းမြို့နယ် ကိုင်းရွာ၌ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။** (စွမ်းအင်)

# စွမ်းအင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၃

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မေ ၁ရက် မွန်းလွဲပိုင်းတွင် ပန်းတောင်းမြို့ တောင်ဘွေကျေးရွာအုပ်စု ပဲကြီးအင်းကျေးရွာ ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးခန်းအတွင်း ကြည့်ရှုစစ်ဆေးကာ ကျေးရွာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။**

## တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် ရေလည်ကျွန်းကျေးရွာအုပ်စု သောင်ကြီးကျေးရွာရှိ ဖူးပွင့်ဝေ ကျေးလက်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရပ်သာကျေးရွာအုပ်စု ရပ်သာကျေးရွာနှင့် ကိုင်းရွာကျေးရွာ ဆက်သွယ်သော လမ်းပေါ်ရှိ တံတားဖွင့်ပွဲ အခမ်းအနားကို တက်ရောက်၍ တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

## အားပေး

ဆက်လက်၍ ကုန်းကလေးကျေးရွာအုပ်စု ကျားအိုကျေးရွာ အလင်းရောင် ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက်ဒုတိယဝန်ကြီးသည် ကွင်းလှကျေးရွာ၌ ကျေးရွာ ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလူထုနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောင်းသူတစ်ဦးအား ကားဖြင့်တိုက်မိခဲ့မှု ပြီတိသျှရဲအရာရှိ ထောင်ဒဏ်ကျခံရ

လန်ဒန် မေ ၃

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက အပြာရောင်မီးဆလိုက်မထိုးဘဲ သို့မဟုတ် ဟွန်းမတီးဘဲ အရှိန်မြင့်မောင်းနှင်ပြီး ဆယ်ကျော်သက် ကျောင်းသူတစ်ဦးအားတိုက်ခဲ့သဖြင့် ထောင်ဒဏ်သုံးနှစ်ကျခံ ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၄င်းကျောင်းသူသည် အသက် ၁၆နှစ်အရွယ်ရှိ ဟေလီအဒမ်ဆင်ဖြစ်ပြီး နယူးကာဆယ်ဒေသရှိလမ်းကို လွန်ခဲ့သည့် ဧပြီလအတွင်းက ကျော်ဖြတ်မောင်းနှင်ခဲ့သော ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဂျွန်ဒေါက်ဂလပ်၏ဖော်လ်ဗိုကားဖြင့် အတိုက်ခံရကာ ပွဲချင်းပြီးသေဆုံးခဲ့သည်။

ဂျွန်ဒေါက်ဂလပ်က မဆင်မခြင် ယာဉ်မောင်းမှုကြောင့် သေဆုံးသည့်စွပ်စွဲမှု မမှန်ကန်ဟုငြင်းဆိုပြီး ၄င်းသည် တစ်နာရီလျှင် မိုင် ၃၀သာမောင်းနှင်ကြောင်း၊ ၄င်းသက်မကင်းဖြစ်ရသည့် မော်တော်ယာဉ်နောက်သို့ လိုက်ခဲ့ခြင်းသာ ဖြစ်ကြောင်း ပြောကြားသည်။ သို့ရာတွင် နယူးကာဆယ်ရှိ ခုံသမာဓိအဖွဲ့က လွန်ခဲ့သည့်လအတွင်းက ပြစ်ဒဏ်စီရင်ခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

## ပါကစ္စတန်စစ်ဘက် ထိုးစစ်ဆင်တိုက်ခိုက်မှု ဘူနာခရိုင်တွင် စစ်သွေးကြွ၆၀ သေဆုံး

အစ္စလမ္မာဘတ် မေ ၃

**ပါကစ္စတန် အစိုးရတပ်ဖွဲ့ဝင်များက ပါကစ္စတန်အရှေ့မြောက်ပိုင်းရှိ ဘူနာခရိုင်တွင် လွန်ခဲ့သည့် ၂၄နာရီအတွင်း စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၆၀သေဆုံးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ၁ရက်တွင် ပြောကြားသည်။**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘူနာခရိုင်အတွင်း တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၆၀နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကာ အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အာဘာဓ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

### ထိုးစစ်ဆင်

ဖော်ပြပါစစ်ဆင်ရေးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေခံဗုံးဖောက်ခွဲသူတစ်ဦးအား ဖမ်းဆီးခဲ့သည်ဟု၎င်းက ဆက်လက် ပြောကြားသည်။ ပါကစ္စတန်စစ်ဘက်က အနောက်မြောက်နယ်စပ်ပြည်နယ်ရှိ ဘူနာခရိုင်အတွင်း တာလီဘန်များနှင့်တွေ့ဆုံကာ ထိုးစစ်ဆင်ခဲ့သည်ဟု ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## လှေဖြင့်ဆင်နွှဲ မင်္ဂလာပွဲ

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ကျိုကျန်း ပြည်နယ်ရှိ ရှန့်ဆင်းမြစ်အတွင်း မင်္ဂလာမောင်မယ်များက လှေများဖြင့် လှည့်လည်ကာ မင်္ဂလာအခမ်းအနားကျင်းပနေသည်ကို မေ ၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## အမေရိကန်တက္ကသိုလ် တုပ်ကွေးကြောင့်ယာယီပိတ်ထား

ဆန်ဖရန်စစ္စကို မေ ၃

အမေရိကန်နိုင်ငံ အနောက်အော်ရီဂွန်တက္ကသိုလ်မှ ကျောင်းသားတစ်ဦး အေအိတ်ချ်ဝမ်းအင်ဝမ်းတုပ်ကွေးရောဂါ ပိုးရပ်စ်ပိုးတွေ့ရှိသဖြင့် မေ၁ရက်မှစပြီး အနောက်အော်ရီဂွန်တက္ကသိုလ်ကို အနည်းဆုံး လေးရက်ပိတ်လိုက်ကြောင်း အဆိုပါတက္ကသိုလ် အာဏာပိုင်အဖွဲ့က ကြေညာသည်။

အဆိုပါကျောင်းသားမှာ ယခုအခါ ဆေးဝါးကုသမှုကို ခံယူနေပြီဖြစ်ကြောင်း တက္ကသိုလ်အာဏာပိုင်အဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါလက်စတိုင်းနိုင်ငံ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်နေသည်ကို မေ၁ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ပွားမှုကြောင့် ပါလက်စတိုင်း ပြည်သူသုံးဦး ဒဏ်ရာရရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

## အာဖဂန်နစ္စတန်တွင် တာလီဘန်တို့ တိုက်ခိုက်မှု အနောက်အုပ်စုမှ တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

ကဘူးလ် မေ ၃

**အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် သောင်းကျန်းသူများတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် လတ်ဗီးယားတပ်ဖွဲ့ဝင်နှစ်ဦးတို့သေဆုံးခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့နှင့် လတ်ဗီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။**

သောင်းကျန်းသူများက အရှေ့ပိုင်းဒေသရှိ ကင်းစခန်းတစ်ခုကို လက်နက်ငယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်ပြီး ခဲယမ်းမီးကျောက်များထားရာဂိုဒေါင်ကို ပစ်ခတ်ခဲ့ကြောင်း၊ သို့ရာတွင် ပေါက်ကွဲမှု မရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးမက်သီယာက ပြောကြားသည်။

### တိုက်ခိုက်

တာလီဘန် တိုက်ခိုက်ရေးသမားများ သို့မဟုတ် အခြားသောင်းကျန်းသူများက ကူမာဒေသတွင်တိုက်ခိုက်ခဲ့ရာ အနောက်အုပ်စုမှ တပ်ဖွဲ့ဝင်ငါးဦးနှင့် အာဖဂန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့သည်ဟု လတ်ဗီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြား သည်။

**အမ်အင်န်အေ၊ရိုက်တာ**

## လက်နက်ချ တာလီဘန်ခေါင်းဆောင် ပြန်လည်ရင်ကြားစေ့ရေးဦးတည်

ကဘူးလ် မေ ၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာလာမင်ဂက်ခရိုင်ရှိ အာဏာပိုင်များထံ ဧပြီ၂၉ရက်က နောက်လိုက်လေးဦးနှင့် အတူ လက်နက်ချ တာလီဘန် ခေါင်းဆောင်တစ်ဦးဖြစ်သူ မူလာမိုဟာမက်အီဆာသည် ဘက်ဂီပြည်နယ်အတွင်း ပြန်လည် ရင်ကြားစေ့ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က မေ၁ရက်တွင် ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## တူရကီနိုင်ငံတွင် မူးယစ်ဆေးဝါး စစ်ဆင်ရေးပြုလုပ် ဘိန်းဖြူ၂၄၃ကီလိုနှင့် ဆေးခြောက် ၂၇၉ ကီလို သိမ်းဆည်းရမိ

အန်ကာရာ မေ ၃

**တူရကီနိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးချေမှုန်းရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့စဉ်အတွင်း ဘိန်းဖြူ၂၄၃ကီလိုနှင့် ဆေးခြောက် ၂၇၉ကီလိုတို့ သိမ်းဆည်းရရှိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက မေ၁ရက်တွင် ပြောကြားသည်။**

တူရကီရဲတပ်ဖွဲ့က အန်ကာရာမြို့အတွင်း မတ်၇ရက်မှ ဧပြီ၃၀ရက်အထိ မူးယစ်ဆေးဝါးချေမှုန်း စစ်ဆင်ရေး ခြောက်ခုပြုလုပ်ခဲ့ရာ ဘိန်းဖြူ၂၁၅ကီလိုနှင့် ဆေးခြောက်၁၇၇ကီလို သိမ်းဆည်းခဲ့ပြီး သက်ာမကင်းသူ ၁၀ဦးအား ဖမ်းဆီးခဲ့သည်ဟု ဗင်မြို့ရှိ ရဲအကြီးအကဲ ဆာလစ်ကက်စမက်က ပြောကြားသည်။

### ဖမ်းဆီးမိ

အခြားသော မူးယစ်ဆေးဝါးချေမှုန်းရေး လှုပ်ရှားမှုအတွင်း တူရကီလုံခြုံရေး တပ်ဖွဲ့ဝင်များက ဟာကာရီပြည်နယ် ယီနစ်ကိုပရူဒေသတွင် မော်တော်ယာဉ်အတွင်း သို၀ှက်ထားသည့် ဘိန်းဖြူ၂၈ ဒသမ၄ကီလိုတွေ့ရှိခဲ့ပြီး သက်ာမကင်းသူ တစ်ဦးကို ဖမ်းဆီးမိခဲ့သည်ဟု သတင်းအရ သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ပျော်ပွဲစားထွက်သည့် ကျောင်းသူကိုးဦး ရေနစ်သေဆုံးမှုဖြစ်ပွား

နယူးဒေလီ မေ ၃

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရပ်ပြည်နယ် ဂျူနာဂါခရိုင်ရှိ ပင်လယ်အတွင်းတွင် ကျောင်းသူကိုးဦး မေ၁ရက်က ရေနစ်သေဆုံးသွားကြောင်း အိန္ဒိယထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

### လှိုင်းပုတ်

အဆိုပါ ကျောင်းသူကလေးများမှာ ထိုနေ့က ပျော်ပွဲစားထွက်ကာ ပင်လယ်ကမ်းခြေတွင် ရေဆင်းချိုးစဉ် ရုတ်တရက်လှိုင်းပုတ်ခံရပြီးနောက် ရေနစ်သေဆုံးခဲ့ရခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ကွန်ဂို၌ လေယာဉ်ပျက်ကျ၍ ခုနစ်ဦးသေဆုံး

ကင်ရှာဆာ မေ ၃

ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံတွင် ဧပြီ ၃၀ရက်က လေယာဉ်ပျက်ကျသဖြင့် ခုနစ်ဦးသေဆုံးကြောင်း သယ်ယူ ပို့ဆောင်ရေးဝန်ကြီးက မေ၁ရက်တွင် ပြောကြားသည်။

### ပျက်ကျ

အဆိုပါ လေယာဉ်သည် ဘိုးရင်း-၇၃၇ ဖြစ်ပြီး ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်)၏မြို့တော် ဘန်ဂွီမှ ဇင်ဘာဘွေနိုင်ငံသို့ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ရန်အတွက် လေယာဉ်ဝန်ထမ်းနှင့် စက်ပြင်ဆရာများကို တင်ဆောင်ပျံသန်းလာစဉ် ကင်ရှာဆာမြို့အရှေ့ ကီလိုမီတာ ၂၁၀ အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

### ပြောကြား

အဆိုပါလေယာဉ်ပေါ်တွင် လေယာဉ်ဝန်ထမ်းနှစ်ဦးနှင့် စက်ပြင်ဆရာငါးဦး လိုက်ပါလာပြီး အသက်ရှင်ကျန်ရစ်သူမရှိဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး မက်သရူးပီတာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လေယာဉ်ဝန်ထမ်းနှစ်ဦးသည် ကွန်ဂိုနိုင်ငံမှဖြစ်ပြီး အခြားသေဆုံးသူများမှာ ပြင်သစ်၊ စီအေအာရ်၊ ဇင်ဘာဘွေနှင့် ကင်မရွန်းနိုင်ငံမှဖြစ်ကြသည်ဟု စီအေအာရ်၏ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

**အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်၌ ခရီးသည်တင်ဘတ်စ်ကား တိမ်းမှောက်မှုဖြစ်ပွားသည်ကို မေ၁ရက်က တွေ့ရစဉ်။** (ယင်းမတော်တဆမှုကြောင့် ခရီးသည်ငါးဦးသေဆုံးခဲ့ရာ ပြင်သစ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်လေးဦးပါဝင်သည်။) **(အင်တာနက်ဓာတ်ပုံ)**

## အမေရိကန် တပ်ဖွဲ့ဝင် ၄၂၈၁ဦး အီရတ်နိုင်ငံတစ်ဝန်းတွင် သေဆုံးခဲ့

ဘဂ္ဂဒက် မေ ၃

ဆွန်နီသူပုန်တို့ တစ်ချိန်က အင်အားတောင့်တင်းစွာ ခြေကုတ်ယူခဲ့သည့် အီရတ်အနောက်ပိုင်း အန်ဘာပြည်နယ်တွင် သူပုန်များနှင့် တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရေတပ်သားတစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က မေ၁ရက်တွင် ကြေညာသည်။

### သေဆုံး

အီရတ်နိုင်ငံ၌ ဧပြီလအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၈ဦး ရှိသွားပြီဖြစ်သည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ်တွင် စတင်ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၄၂၈၁ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# ဗဟန်းမြို့နယ်မှ ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့ဝင်များ ရပ်ကွက်ပြည်သူများနှင့် ဝန်ကြီးဦးအောင်သောင်း တွေ့ဆုံ

ရန်ကုန် မေ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံသည်။

**အမှာစကားပြောကြား**

ယင်းသို့ တွေ့ဆုံရာတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်က မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျန်းမာရေးစစ်ဆေး

**လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၃ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။**

(သတင်းစဉ်)

**လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သောကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၃ရက်က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။**

(သတင်းစဉ်)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ။** ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ယနေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ(Swine Flu)သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူ၁၆၀ သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသင်္ကေတလက္ခဏာများ။** ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက်ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြား ဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ-**

(က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။

(ခ) စီးပွားဖြစ် ဝက်ကောင်ရေများများ မွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေးမြှင့်တင် မွေးမြူသွားရန်။

(ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်။

(ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြု ကိုင်တွယ်သွားရန်။

(င) မကျန်းမာသော ဝက်များအား ဈေးကွက်သို့ ရောင်းချခြင်း မပြုရန်။

(စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်း မပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်း မပြုရန်။

(ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူရှိန် ၇၀°C အထက် ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါသဖြင့် တစ်နိုင်ဝက်မွေးမြူသူများ၊ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

## ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေး နှိုးဆော်ချက်

၁။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ယနေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူ ၁၆၀ သေဆုံးခဲ့ပါသည်။

၂။ ယခု ဖြစ်ပွားနေသောရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ်မျိုးရိုးဗီဇ လေးမျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်၊ ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်း မရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါလက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်း စသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှူခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း အခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင် ဆားစ်အဆုတ်ရောင် ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်-

**(က) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။**
**(ခ) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း။**
**(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။**
**(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။**
**(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။**
**(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။**
**(ဆ) လေကောင်းလေသန့် ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။**

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ် ညောင်ချိုင်းကျေးရွာ၌ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာအခွန်)

# ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်ခြင်းစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း စစ်ဆေး

နေပြည်တော် မေ ၃

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၆ရက် ညနေ ၅နာရီက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာနှင့် စိုက်ပျိုးရေးတာဝန်ခံတို့က နှစ်အလိုက် စိုက်ပျိုးရန် လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပဲခူးတိုင်းအရှေ့ပိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး ပျိုးဥယျာဉ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ အိုင်ဒုံကွန်းကြီးပိုင်းအတွင်းရှိ ကျွန်းစိုက်ပျိုးရန် လျာထားဧရိယာအတွင်း မြေပြုပြင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၇ရက်က ဖြူးမြို့နယ်ရှိ ညောင်ပင်သာ-ကညင်ဒိုင်းလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ကညင်ဒိုင်းရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ မှာကြား ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်ပင်သာရွာအနီးရှိ ယာယီရှင်းလင်းဆောင်၌ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ညောင်ပင်သာ-ကညင်ဒိုင်း လမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘဏ္ဍာ/အခွန် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၃

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မေ၁ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ညောင်ချိုင်းကျေးရွာအုပ်စု မူလတန်းလွန်ကျောင်း၌ ကျင်းပသော ကျောင်းဆောင်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။**

## ပန္နက်တင်

အခမ်းအနားတွင်အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကျောက်ပန်းတောင်း တပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ကျောင်းဆောင်သစ်အလှူရှင် (ACE) ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းတို့က သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်တင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးကြသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးသည် ယာယီမဏ္ဍပ်တွင် ကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## လက်ခံ

ထို့နောက် ညောင်ချိုင်းတောင်ကျေးရွာတွင် ဆောက်လုပ်မည့် မူလတန်းကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်သိန်း၂၀၀ ကို အလှူရှင်(ACE) ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးတင့်ဆန်းက ပေးအပ်လှူဒါန်းရာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဝင်များက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းရာ ဒေသခံများ ပြည်သူရပ်မိရပ်ဖများက လက်ခံကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ အင်ဂျင်နီယာများက ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီ ပြုလုပ်နည်းတို့ကို ရှင်းလင်းပြသရာ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာကြည့်ရှုအားပေးကြသည်။

## ဖြည့်စွက်မှာကြား

ဆက်လက်၍ ကျေးရွာ အုပ်စုလေးစုရှိ ညောင်ချိုင်းတောင်၊ ညောင်ချိုင်းမြောက်၊ ကင်းမွန်းချုံ၊ ကျောက်ပုံမြောက်၊ ကျောက်ပုံတောင်၊ ဝက်မထောက်၊ ဒါန်းကျင်း၊ ကျောက်တံခါး၊ မုန်ကုန်း ကျေးရွာများမှ ဒေသခံပြည်သူ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက တာဝန်ရှိသူများအား ညှိနှိုင်းဖြည့်ဆည်းပေးကာ မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့ ဝင်းသူဇာခန်းမ၌ ကျောက်ပန်းတောင်းမြို့တွင်း ရေလှောင်ကန်များမှ ရေဖြန့်ဝေပေးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက်ဝန်ကြီးသည်ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စုပေါင်းခန်းမ၌ကျင်းပသော ကျေးလက်ဒေသများအတွက် ဇီဝဘက်ထရီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ်များပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျေးလက်ဒေသများအတွက် LED မီးလုံးများ၊ ဇီဝဘက်ထရီများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော် မြန်မာ့အသံ

**(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)**

**(၅-၅-၂၀၀၉)**

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၂၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (စိတ်သန့်ရဲ့လား)
၈:၄၀ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကော်ရည်ခေါက်ဆွဲ)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line (မျိုးကျော့မြိုင်)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန်+ တူယှဉ်သီကြွေး စုံတွဲတေး အလုပ်အကိုင်အခွင့်အလမ်း (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)
၁၂:၃၀ တေးပဒေသာ
၁၂:၄၀ ပြုံးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (မေတ္တာကမ္ဘာ)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာအလှကမ္ဘာ (အသားအရေကိုဘယ်လို ထိန်းသိမ်းမလဲ)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေလှုံ့မိတ်ဆွေ
(၁) သိမှတ်ဖွယ်ရာစကားလုံး ပဒေသာ(စတုတ္ထအကြိမ်) ဦးသိန်းလွင်
(၂) အမှားများသော အင်္ဂလိပ်စာ အမှားများ-မင်းမျိုးသန့်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ဇာတ်လမ်းပမာနားဆင်စရာ (ချမ်းမြေ့ရိပ်ငြိမ်)တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး(သာမန်နေထိုင်ခြင်း) စီးပွားရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်တေးဂန္ထဝင် လူမှုရေးဦးတည်ချက်
၂၁:၂၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

# ရန်ကုန်ယူနိုက်တက်အသင်းအား ရန်ကုန်မြို့ခံ ပရိသတ်များထံအပ်နှံ ပရိသတ်များ တစ်ခဲနက်ကြိုဆိုအားပေး

သတင်းမြင့်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း(မြန်မာ့အလင်း)

ရန်ကုန် မေ ၃

**မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်တိုင်း ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းအား ရန်ကုန်မြို့မှ မိဘပြည်သူများထံ အပ်နှံပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲမှစ၍ အောင်ဆန်းကွင်း၌ ကျင်းပရာ ရန်ကုန်မြို့ခံ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။**

## ဖျော်ဖြေ

မြန်မာ့ဘောလုံးပရော်ဖက်ရှင်နယ် စနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်း ပထမဦးဆုံး ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်တိုင်း ကိုယ်စားပြုယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းအား ရန်ကုန်မြို့မှ မိဘပြည်သူများထံ အပ်နှံပွဲတွင် မွန်းလွဲ ၁နာရီခွဲမှစ၍ The Heros Band နှင့်အတူ နာမည်ကြီးအဆိုတော်များဖြစ်သည့် ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ R ဇာနည်၊ ဟန်ထွန်း၊ လင်းလင်းတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ထို့ပြင် ဇော်ဝင်းထွဋ်က ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်း၏ မူပိုင်သီချင်းကိုလည်း သီဆိုဖျော်ဖြေခဲ့သည်။

## လိုက်လံနှုတ်ဆက်

ဆက်လက်၍ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်မည့် ရန်ကုန်ယူနိုက်တက်ဘောလုံး အသင်းမှ ကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် ရန်ကုန် ယူနိုက်တက်ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက နည်းပြချုပ်ဦးမျိုးလှိုင်ဝင်းထံ အသင်းအောင်နိုင်ရေးအလံကို အပ်နှံသည်။

## အကြိုအားပေးခွင့်

ယခုခြေစမ်းပွဲမှာ မေ၁၆ရက်တွင် စတင်ကျင်းပမည့် MNL Cup Grand Royal 2009 ဘောလုံးပြိုင်ပွဲမတိုင်မီ ရန်ကုန်ယူနိုက်တက်အသင်းကို အကြိုအားပေးခွင့် ရရှိခြင်း ဖြစ်သည်။

## ပြောကြား

ရန်ကုန်ယူနိုက်တက်အသင်း C.E.O ဦးစိုင်းခင်မောင်အေးက "မိမိတို့ အသင်းမှာ မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ မြန်မာ့ လက်ရွေးစင်အသင်းအတွက် ထူးချွန်ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန်အပြင် အသင်းအောင်မြင်မှုရရှိပြီး နိုင်ငံတကာပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ အသင်းမှာ ယခင်မြန်မာလိဂ်အဆင့်မြင့်တန်း ပြိုင်ပွဲဝင် Air Bagan အသင်းမှ ၁၄ဦးနှင့် အခြားအသင်းများမှ ကစားသမား ၁၂ဦးကို ခေါ်ယူထားကြောင်း၊ ပြည်ပကစားသမားများအဖြစ် ကင်မရွန်းလေးဦးနှင့် အိုင်ဗရီကို့စ်တစ်ဦးကို ခေါ်ယူ စမ်းသပ်လေ့ကျင့်နေကြောင်း၊ အသင်းအောင်မြင်မှုရရှိရန်အတွက် အသင်းပိုင်ရှင်မှ တစ်ပွဲနိုင်လျှင် အနိမ့်ဆုံး ငွေကျပ်သိန်း ၅၀ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်မှုရရှိရန် ခုနစ်သင်း စလုံးမှာ အဓိကပြိုင်ဘက်များဖြစ်ကြောင်း၊ ယခုအခမ်းအနားကို လာရောက်ကြည့်ရှုအားပေးသည့် မိဘပြည်သူများကို ကျေးဇူးအထူးတင်ပါကြောင်း"ဖြင့် ပြောကြားသွားသည်။

## ပါဝင်

ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းမှာ လက်ရှိအချိန်အထိ လက်မှတ်ထိုးကြေးငွေကျပ်၅၅၅သိန်း အသုံးပြု၍ ပြည်တွင်းကစားသမား ၂၆ဦးခေါ်ယူထားပြီး ယင်းကစားသမားများထဲတွင် အောင်အောင်ဦး (ဂိုး)၊ မျိုးမင်းထွန်း၊ စိုးလင်းထွန်း၊ ကျော်သူရ၊ ဌေးအောင်၊ တင်ဝင်းအောင်စသည့် နာမည်ကြီးကစားသမားများ ပါဝင်လျက်ရှိသည်။ ပြည်ပကစားသမားများအဖြစ် ကင်မရွန်းမှ လေးဦးနှင့် အိုင်ဗရီကို့စ်မှ တစ်ဦးတို့ကို ခေါ်ယူ၍ စမ်းသပ်လေ့ကျင့်နေပြီး ယခုခြေစမ်းပွဲတွင် ပါဝင်ကစားသွားကြသည်။ ။

**(မြန်မာ့အလင်း)**

**မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ မြန်မာ့ လက်ရွေးစင်အသင်းအတွက် ထူးချွန်ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန်အပြင် အသင်း အောင်မြင်မှုရရှိပြီး နိုင်ငံတကာပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ အသင်းမှာ ယခင်မြန်မာလိဂ်အဆင့်မြင့်တန်း ပြိုင်ပွဲဝင် Air Bagan အသင်းမှ ၁၄ဦးနှင့် အခြားအသင်းများမှ ကစားသမား၁၂ဦးကို ခေါ်ယူထား။**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ရီမိသားစု တောင်သာမြို့နယ်အသင်း (ရန်ကုန်) (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။ (စက်မှု-၁)

# ပလတ်စတစ်နှင့် အမှိုက်သုံး ဂက်စ်မီးဖိုထုတ်လုပ်အသုံးပြုမှု တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဧပြီ ၂၆ရက် နံနက် ၁၀နာရီက မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်သုံး GAS မီးဖိုထုတ်လုပ်အသုံးပြုမှု အခြေအနေကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## လှည့်လည်ကြည့်ရှု

ရှေးဦးစွာ တိုင်းမှူးနှင့်လေ့လာရေး အဖွဲ့များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ပေါင်းစည်းလယ်ယာသို့ ရောက်ရှိပြီး ဇီဝလောင်စာ ထုတ်လုပ်အသုံးပြုနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

## အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုင်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ရေး ရောင်းချသူများအသင်း၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့က (လားရှိုးခုန်) ဖွဲ့စည်းခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီးနောက် တိုင်းမှူးနှင့် အဖွဲ့သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အလှပန်းစိုက်ခင်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သီဟရတနာစာအုပ်တိုက်နှင့် စာပေဖြန့်ချိရေးဆိုင် လမ်းမတော်မြို့နယ်တွင် ဖွင့်လှစ်

ရန်ကုန် မေ ၃

သီဟရတနာစာအုပ်တိုက်နှင့် စာပေဖြန့်ချိရေးဆိုင်ကို လမ်းမတော်မြို့နယ် လမ်းမတော်လမ်း သံဈေးရှေ့ရှိ အမှတ်(၁၃၃)၌ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါဆိုင်ကို စာဖတ်သူများအဆင်ပြေ ချောမွေ့စွာ ဝယ်ယူဖတ်ရှုနိုင်ရန်အတွက် ဈေးကွက်သစ်တိုးချဲ့ရှာဖွေ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သီဟရတနာ စာအုပ်တိုက်နှင့် အခြား စာအုပ်တိုက်များမှ ထုတ်ဝေသည့် သုတ၊ ရသ စာအုပ်မျိုးစုံကို လက်လီ လက်ကား ဖြန့်ချိပေးမည်ဖြစ်သည်။

## ဆက်သွယ်ဝယ်ယူနိုင်

ထို့အပြင် စာအုပ်ဝယ်ယူသူများ လေ့လာနိုင်ရန် စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးများ၏ ပုံတူပန်းချီကားများကိုလည်း ဆိုင်တွင် ပြသထားသည်။

လသာမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် အလုံမြို့နယ်တို့မှ စာဖတ်ပရိသတ်များက အလိုရှိသော စာအုပ်ကို တယ်လီဖုန်းဖြင့် ဆက်သွယ်မှာယူပါက အိမ်အရောက်ပို့ပေးသောစနစ်နှင့် ဆိုင်တွင်မရှိသောစာအုပ်ကို စာဖတ်သူက မှာယူပါက အချိန်တိုအတွင်း စာအုပ်ရရှိအောင် ဆောင်ရွက်ပေးသော ဝန်ဆောင်မှုစနစ်တို့ကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာဖတ်သူများအနေဖြင့် သီဟရတနာ စာအုပ်တိုက်နှင့် စာပေဖြန့်ချိရေးဆိုင် ဖုန်း-၂၅၁၀၆၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

# တောင်သာမြို့နယ်အသင်း (ရန်ကုန်) နှင့် မြို့သစ်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးများကျင်းပ

ရန်ကုန် မေ ၃

**တောင်သာမြို့နယ်အသင်း (ရန်ကုန်) (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း အရှေ့ဘက်မုခ်အနီး စက်မှုမဏ္ဍာရုံ၌ ကျင်းပသည်။**

## အမှာစကားပြောကြား

အစီအစဉ်အရ တောင်သာမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဆွေနှင့် အသင်းနာယက အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကားပြောကြားကြသည်။

## ဂုဏ်ပြုဆုငွေ

ထို့နောက် တောင်သာမြို့နယ်အသင်း (ရန်ကုန်) ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးများဖြင့် အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီ မိသားစုများနှင့် အလှူရှင် ၃၀တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တောင်သာမြို့နယ်အသင်း ရန်ပုံငွေလှူဒါန်းခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြား ဆွေးနွေး အတည်ပြုကြသည်။

## အဖွင့်အမှာစကား ပြောကြား

အလားတူ မြို့သစ်မြို့နယ်အသင်း (ရန်ကုန်) ပဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကြည်ဝင်း (ငြိမ်း)ကအဖွင့်အမှာစကား ပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြို့သစ်မြို့နယ်အသင်း (ရန်ကုန်) ဂုဏ်ထူးဆောင်နာယက အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ တွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဝန်ကြီးနှင့် အသင်းအလုပ်အမှုဆောင်များ၊ အလှူရှင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြို့သစ်မြို့နယ်အသင်း (ရန်ကုန်) အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို ဖတ်ကြား အတည်ပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

# အထက(၁) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ၁၉၈၅ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၉ရက် နံနက် ၉နာရီတွင် အထက(၁) သဃ်န်းကျွန်း သပြေဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

## ဖိတ်ကြားထား

၁၉၈၅ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အတွင်း အထက်တန်းအဆင့်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများနှင့် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းအတွင်းရှိ ရွှေစာရံ၊ တံခွန်တိုင်နှင့် ဘဲလင်းပင်မဓာတ်အားခွဲရုံများ လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၈ ရက်က မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ရှိ (၂၃၀/၁၃၂) ကေဗွီ၊ (၁၀၀) အမ်ဗွီအေနှင့် (၁၃၂/၃၃/၁၁) ကေဗွီ၊ (၆၀)အမ်ဗွီအေ ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room နှင့် Switch Yard အတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။**

## မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ (၁၃၂/၃၃/၁၁) ကေဗွီတံခွန်တိုင် ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ Control Room နှင့် Switch Yard အတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

## ဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်း ကျောက်ဆည် ခရိုင် စဥ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ (၂၃၀/၁၃၂/၁၁) ကေဗွီ၊ (၁၀၀)အမ်ဗွီအေ၊ (၁၃၂/၃၃/၁၁) ကေဗွီ၊ (၄၅) အမ်ဗွီအေ ဘဲလင်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အား ခွဲရုံအစည်းအဝေးခန်းမ၌ ခွဲရုံမှူးနှင့် တည်ဆောက်ရေး တာဝန်ခံများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ဝန်ထမ်းကိစ္စရပ်များနှင့် မဟာဓာတ်အားလိုင်းများမှ ပို့လွှတ်သော လျှပ်စစ်ဓာတ်အားကို ခွဲရုံမှတစ်ဆင့် လက်ခံဖြန့်ဖြူးသော အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် တာဝန်ရှိသူတို့အား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

# မိုးကောင်းမြို့ ရွာသစ်ရပ်ကွက်၌ သက်ကြီးပူဇော်

မိုးကောင်း မေ ၃

ကချင်ပြည်နယ် မိုးကောင်းမြို့ ရွာသစ်ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ (၄၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၈ရက်က ရပ်ကွက်မဏ္ဍာရုံ၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်များနှင့် ပြည်သူများက အသက် ၇၀နှင့်အထက် အဘိုးအဘွား ၄၈ဦးတို့အား ဂါရဝပြုထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကန်တော့ကြသည်။ (၀၀၁)

# နွားထိုးကြီး၌ ဆက်သွယ်ရေးဖုန်းများ ငှားရမ်းသုံးစွဲခွင့်ပြု

နွားထိုးကြီး မေ ၃

**နွားထိုးကြီးမြို့နယ်အတွက် ဂျီအက်စ်အမ်မိုဘိုင်းလ်ဖုန်းအလုံး ၂၀၀ကို ဧပြီ ၂၂ရက်က တတိယသုတ်အဖြစ် မန္တလေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တိုးချဲ့ငှားရမ်းလိုက်ပြီ ဖြစ်သည်။ ပထမအသုတ် ဖုန်းအလုံး ၄၀၀၊ ဒုတိယအသုတ် ဖုန်းအလုံး ၃၀၀၊ ယခု တတိယအသုတ် ဖုန်းအလုံး ၂၀၀ဖြစ်၍ နွားထိုးကြီးတွင် ဂျီအက်စ်အမ်ဖုန်း အလုံး ၉၀၀ ငှားရမ်းခွင့်ပြုနိုင်ပြီ ဖြစ်သည်။** (၀၉၂)

✳ *ရှေ့ဖုံးမှ*

တည်ဆောက်ဆဲဖြစ်သည့် မဒန်းရေလှောင်တမံစီမံကိန်းသို့ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်း၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဝင်ရောက်လေ့လာခဲ့ကြသည်။

### အကျိုးခံစားနေရ

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးမှ ၃၆မိုင်သာ ကွာဝေးသော မဒန်းရေလှောင်တမံ တည်ဆောက်ရာသို့ ဂျစ်ကားဖြင့်လေးနာရီခန့်မောင်းနှင်ရသည်။ ရေလှောင်တမံ တည်ဆောက်ရေးဆိုင်ရာ စက်ယန္တရားကြီးများ ဝင်ထွက် သွားလာနိုင်ရေးနှင့် တည်ဆောက်ရေး ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးတို့အတွက် တောတန်း တောင်ကုန်းများကို ရှင်းလင်းဖယ်ရှား ဖောက်လုပ်ထားသောလမ်းဖြစ်၏။ မည်သို့ဆိုစေ လတ်တလော အကျိုးခံစားနေရသူများက ဒေသခံကျေးရွာပြည်သူများပင်။

### လွယ်လင့်တကူသွားလာနိုင်

ယခင်က ခြေကျင်ဖြင့်သာ သွားလာရသောခရီးကို ယခုအခါစက်ဘီး၊ ဆိုင်ကယ်များဖြင့်သာမက ထော်လာဂျီ၊ ကုန်တင်ယာဉ်များဖြင့်ပါ သွားလာနိုင်ခဲ့ပေပြီ။ ဈေးရောင်းဈေးဝယ်မှအစ လူမှုရေး၊ ကျန်းမာရေးကိစ္စများပါ လွယ်လင့်တကူ သွားလာနိုင်ခြင်းကပင် ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှု နိဒါန်းအစဖြစ်တော့သည်။

### တာဝန်ယူတည်ဆောက်

မဒန်းရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ နံနက် ၁၁နာရီခန့်ကရောက်ရှိရာ တည်ဆောက်ရေးဦးစီးအရာရှိများဖြစ်သော ဦးကျော်နိုင်၊ ဦးနိုင်လင်းစိုး၊ ဦးအောင်ကိုကိုထွန်းတို့က ကြိုဆိုခဲ့ကြသည်။ မဒန်းရေလှောင်တမံကို ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅)မှတာဝန်ယူတည်ဆောက်ပေးနေခြင်းဖြစ်သည်။

### လုပ်ငန်းခွင်မှာပင်ပြင်ဆင်နိုင်မည်

ရှေ့ဦးစွာ တမံတည်ဆောက်ရေး တာဝန်ခံ ဦးစီးအရာရှိ (စက်မှု) ဦးကျော်နိုင်က ရှင်းလင်း ပြောကြားရာတွင် "မဒန်းရေလှောင် တမံကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ကြောင်း၊ ကုန်းကြောတမတည်ဆောက်ရေးအတွက်မြေကြီးကျင်း ၁၀သိန်းကျော် လိုအပ်ရာ ယခုအခါမြေကြီးကျင်းပေါင်း၈၄၀၀၀၀ ပြီးစီးနေပြီဖြစ်ကြောင်း၊၂၀၀၉-၂၀၁၀ ခုနှစ်တွင် ရာနှုန်းပြည့် လုပ်ကိုင်ပြီးစီးသွားနိုင်မည် ဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းမှာ စက်ယန္တရားကြီးများဖြင့် ပင်မတမံ ချောင်းပိုင်းကို ပိတ်နေကြောင်း၊ မြေတူး၊ မြေထိုး၊ မြေသယ် စက်ယန္တရားကြီး ၄၆စီးဖြင့် လုပ်ကိုင်

"မဒန်း ရေလှောင်တမံကို မြေတူး၊ မြေထိုး၊ မြေသယ် စက်ယန္တရားကြီး ၄၆စီးဖြင့် ၂၀၀၉-၂၀၁၀မှာ ပြီးစီးအောင်ဆောင်ရွက်နေပါတယ်"

ဦးကျော်နိုင်
ဦးစီးအရာရှိ(စက်မှု)
တမံတည်ဆောက်ရေးတာဝန်ခံ



ဦးနိုင်လင်းစိုး (ဦးစီးအရာရှိ၊ မြို့ပြ)နှင့် ဦးအောင်ကိုကိုထွန်း (ဦးစီးအရာရှိ၊ မြို့ပြ) တို့က ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

နေကြောင်း၊ စက်ယန္တရားချွတ်ယွင်းမှုရှိလာလျှင် လုပ်ငန်းခွင်မှာပင် ပြင်ဆင်နိုင်ရန်စီစဉ်ထားပါကြောင်း၊ လုပ်ငန်းတွင်ကျယ်စေရေးအတွက် တွင်ခုံ၊ ဖောက်ခုံ၊ ဂဟေဆော် လုပ်ငန်းများအတွက် ပြင်ပလုပ်ငန်းရှင် ခြောက်ဦးကိုခေါ်ယူ၍ လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုအခါ ချောင်းပိုင်း မြေဖို့ခြင်းလုပ်ငန်းသည် ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ဧပြီလကုန်လျှင် ချောင်းပိတ်လုပ်ငန်း ပြီးစီးမှာဖြစ်ကြောင်း"ဖြင့် ရှင်းပြသည်။

### နွေစကေ၄၀၀၀စိုက်ပျိုးနိုင်မည်

"ကုန်းကြောတမံ လေးခုတွင် နှစ်ခု လုံးဝပြီးစီးနေပြီး ရေပိုလွှဲလုပ်ငန်း၏ ပင်မအဆောက်အအုံကြီး၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ရေပိုလွှဲမှ ရေထွက်မြောင်း တည်ဆောက်ပေးရန် ၁၀ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ သယ်ယူ ပို့ဆောင်ရာတွင် လမ်းခရီးကြမ်းတမ်းမှုအခက်အခဲကြောင့် ပစ္စည်းသယ်ယူသည့် မော်တော်ယာဉ်များ၊ စက်ယန္တရားကြီးများ ချွတ်ယွင်းမှုရှိသော်လည်း၂၀၀၉-၂၀၁၀ခုနှစ်တွင် ရာနှုန်းပြည့် လုပ်ကိုင်ပြီးစီးသွားနိုင်မည်ဖြစ်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

မဒန်းရေလှောင်တမံ၏ကုန်းကြောတမံ တာဝန်ခံဦးစီးအရာရှိ ဦးနိုင်လင်းစိုး (မြို့ပြ)က "ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ကုန်းကြောတမံအမြင့်ပေ၂၀၊ အလျား ၁၇၀၂ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ၃၆၅၀၀၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ ၁၁၁၃ ဧကရှိကြောင်း၊ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ရေပိုလွှဲမှာ အကျယ်ပေ ၅၀နှင့် အလျားပေ ၇၉၀ ရှိကြောင်း၊ ဆည်ရေပေးဝေနိုင်မည့် လယ်မြေဧက၈၀၀၀ ဖြစ်ကြောင်း" ဖြင့် ပြောကြားသည်။

မဒန်းရေလှောင်တမံ၏ ပင်မတမံ တာဝန်ခံ ဦးစီးအရာရှိ ဦးအောင်ကိုကိုထွန်း(မြို့ပြ)က "ပင်မတမံ အမြင့် ၁၀၁ ပေ၊ အလျားပေ ၉၁၈၀ ရှိပြီး ရေစိမ့်ခြင်းမရှိစေရန် ရေစိမ့်တားသံမဏိသပ်ပြား အလျား ပေ ၉၂၁၀၊ အနက် ၇၂ ပေ တပ်ဆင်ထားရှိပါကြောင်း။ မဒန်း ရေလှောင်တမံမှ လယ်မြေများအတွက် ဆည်ရေပေးဝေမည့်အပြင်ရေအားလျှပ်စစ်၂၅ကီလိုဝပ်

"အနီးပတ်ဝန်းကျင် ကျေးရွာများနဲ့ ၁၂မိုင်ဝေးတဲ့ ကျောက်တော်ကိုပါ လျှပ်စစ်မီး ပေးနိုင်မှာပါ"

ဦးသာယာ
ဦးစီးအရာရှိ(မြို့ပြ)
တည်ဆောက်ရေး(၅)

နှစ်စဉ် ကီလိုဝပ် နာရီသန်းပေါင်း ၀ဒသမ၀၈ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း။ လုပ်ငန်းဆောင်ရွက်ရာတွင် သွားလာရေးလမ်းခရီး ခက်ခဲကြမ်းတမ်းမှုကြောင့် လုပ်ငန်းရာနှုန်းပြည့် လုပ်ကိုင် ဆောင်ရွက်ချိန်မှာ တစ်နှစ်လျှင် လေးလခန့်သာရှိကြောင်း၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့ဖြစ်ကြောင်း၊သတ်မှတ်လျာထားချက် ၂၀၀၉-၂၀၁၀တွင် ပြီးစီး ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ နွေစပါးဧက ၄၀၀၀ကို ရှေ့နှစ်တွင် စိုက်ပျိုးနိုင်တော့မည် ဖြစ်ကြောင်း" ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

### ရေထုတ်ပြွန်

မဒန်းရေလှောင်တမံ၏ ရေထုတ်ပြွန်၊ ရေပိုလွှဲတာဝန်ခံ ဦးစီးအရာရှိ (မြို့ပြ) ဦးသာယာက "ရေထုတ်ပြွန်၊ ရေပိုလွှဲလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများနှင့် ၁၂မိုင်ခန့် ကွာဝေးသော ကျောက်တော်သို့ပါ ပေးနိုင်အောင် စီစဉ်ထားရှိရာ ယခု မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နေပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

### လူမှုဘဝတိုးတက်မြင့်မား

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီလှမ်းချီတက်ရာဝယ် ဒေသတွင်း လူနေမှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်က ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှကြိုးပမ်းဖော်ဆောင် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးကို အခြေခံသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပေါကြွယ်ဝသော ရေ၊ မြေ၊ သယံဇာတ အရင်းအမြစ်များကို စနစ်တကျဖော်ထုတ်အသုံးချလျက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးများကို အသေးစား၊ အလတ်စား၊ အကြီးစား စသည်ဖြင့် ရည်မှန်းချက်ထား တည်ဆောက်ပေးလျက် ရှိနေသည်။ ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာကာ တောင်သူတစ်ဦးချင်း၏ဝင်ငွေတိုးပွားလာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေမည်ဖြစ်ရာ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၆၃၆၅ဒသမ၄၇၉ သန်း အကုန်အကျခံကာ မဒန်းရေလှောင်တမံ တည်ဆောက်ပေးနေခြင်းသည် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက်ပင် ဖြစ်သည်မှာ ထင်ရှား လှပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**ရေပိုလွှဲ**

**အလျားပေ ၇၉၀၊ အကျယ်ပေ ၅၀ရှိ နေပြည်တော်လယ်ဝေး မဒန်းရေလှောင်တမံ၏ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)**

# လီဗာပူးတို့ အန်ဖီးလ်တွင် နိုင်ပွဲရ နယူးကာဆယ်တို့ မျက်နှာပန်းမလှ

ဖောင်ပိတ်သတင်း-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး

**လန်ဒန် မေ ၃**

ပရီမီယာလိဂ်ပွဲစဉ်(၃၅) လက်ကျန်ပွဲများကို မေ၃ရက်၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးက အိမ်ကွင်း၌ နယူးကာဆယ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ယူကာ ထိပ်ဆုံးမှ မန်ယူကို ဆက်လက် ဖိအားပေးနေဆဲပင် ဖြစ်သည်။

## လီဗာပူးနှင့် နယူးကာဆယ်

လီဗာပူးတို့ အိမ်ကွင်းအန်ဖီးလ်၌ နယူးကာဆယ်ကို အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ ဘီနာယောင်၊ ဂျရတ်၊ ဒရက်ကွတ်၊ မာရှယ်ရာနိုနှင့် အလွန်ဆိုတို့ကို ထည့်သွင်းကစားစေခဲ့သဖြင့် နယူးကာဆယ်ဘက်သို့ အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။

လီဗာပူးနှင့် နယူးကာဆယ်တို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး ဒရက်ကွတ် (လယ်) ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

နယူးကာဆယ်က မာတင်၊ ဘာတွန်၊ ဗီဒူကာနှင့် အလန်စမစ်တို့အားနှင့်ရင်ဆိုင်ခဲ့သော်လည်း လီဗာပူးနောက်တန်းကို မတိုးနိုင်ဘဲ ဂိုးသွင်းခွင့်မရသလောက် နည်းပါးခဲ့သည်။ လီဗာပူးတို့က ကွင်းလယ်ကစားအားကိုးယူပြီး မွှေနှောက်ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့် ၁၅ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ၁၀ကြိမ်ခန့် ရရှိခဲ့သည်။

လီဗာပူး၏ အဖွင့်ဂိုးကို ပွဲချိန်၂၂မိနစ်၌ တိုက်စစ်မှူး ဒရက်ကွတ် ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဘီနာယောင်က ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

လီဗာပူးတို့ ဆက်တိုက်ဖိကစားခဲ့ရာ ၂၈မိနစ်၌ ဂျရတ် ဂိုးရှေ့တင်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ဒရက်ကွတ် ခေါင်းတိုက်ယူခဲ့သဖြင့် လီဗာပူးတို့ ဒုတိယဂိုး ရရှိခဲ့သည်။ နယူးကာဆယ်တို့ ချေပဂိုး ရရှိရေး ကြိုးစားသော်လည်း လီဗာပူး နောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့သဖြင့် ၈၇မိနစ်၌ လီဗာပူးမှ အော်ရီလီယို ဂိုးရှေ့တင်ပေးလိုက်သည့် ဘောလုံးကို လူးကပ်စ်က ခေါင်းတိုက်သွင်း ယူခဲ့၍ လီဗာပူးတို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

## ဆန်းဒါးလန်းနှင့် အဲဗာတန်

အဲဗာတန်တို့ ဆန်းဒါးလန်းကွင်း၌ ရသည့်အခွင့်အရေးကို အပြည့်အဝ အသုံးချနိုင်ခဲ့ခြင်းဖြစ်သည်။ အဲဗာတန်တိုက်စစ်မှူး ဖီလာနီ၊ ဂျိုတင်ကာဟေးလ်တို့က ဆန်းဒါးလန်း နောက်တန်းကို ထိုးဖောက် ဖြတ်ကျော်နိုင်ခဲ့ပြီး ဂိုးရရှိရေး ကြိုးစားခဲ့ရာ ၄၈မိနစ်၌ အဲဗာတန် တောင်ပံကစားသမား ပီနာရာက အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ အဲဗာတန်အတွက် ဒုတိယဂိုးကို ဖီလာနီက သွင်းယူပေးခဲ့သဖြင့် အဲဗာတန်တို့ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ။

**ပရီမီယာလိဂ်ပွဲစဉ်(၃၅)အပြီး အသင်းများ၏ ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | မန်ယူ | ၃၄ | ၂၅ | ၅ | ၄ | ၈၀ |
| ၂ | လီဗာပူး | ၃၅ | ၂၂ | ၁၁ | ၂ | ၇၇ |
| ၃ | ချယ်လ်ဆီး | ၃၅ | ၂၂ | ၈ | ၅ | ၇၄ |
| ၄ | အာဆင်နယ် | ၃၅ | ၁၉ | ၁၁ | ၅ | ၆၈ |
| ၅ | အဲဗာတန် | ၃၅ | ၁၅ | ၁၁ | ၉ | ၅၆ |
| ၆ | ဗီလာ | ၃၄ | ၁၅ | ၁၀ | ၉ | ၅၅ |
| ၇ | ဝက်စ်ဟမ်း | ၃၅ | ၁၃ | ၉ | ၁၃ | ၄၈ |
| ၈ | မန်စီးတီး | ၃၅ | ၁၄ | ၅ | ၁၆ | ၄၇ |
| ၉ | ဖူလ်ဟမ် | ၃၅ | ၁၂ | ၁၁ | ၁၂ | ၄၇ |
| ၁၀ | စပါး | ၃၅ | ၁၃ | ၈ | ၁၄ | ၄၇ |
| ၁၁ | ဝီဂန် | ၃၄ | ၁၁ | ၉ | ၁၄ | ၄၂ |
| ၁၂ | ဘော်လ်တန် | ၃၅ | ၁၁ | ၆ | ၁၈ | ၃၉ |
| ၁၃ | စတုတ် | ၃၅ | ၁၀ | ၉ | ၁၆ | ၃၉ |
| ၁၄ | ပို့စ်မောက် | ၃၅ | ၉ | ၁၁ | ၁၅ | ၃၈ |
| ၁၅ | ဘလက်ဘန်း | ၃၅ | ၉ | ၁၀ | ၁၆ | ၃၇ |
| ၁၆ | ဆန်းဒါးလန်း | ၃၅ | ၉ | ၈ | ၁၇ | ၃၅ |
| ၁၇ | ဟူးလ်စီးတီး | ၃၄ | ၈ | ၁၀ | ၁၆ | ၃၄ |
| ၁၈ | နယူးကာဆယ် | ၃၅ | ၆ | ၁၃ | ၁၆ | ၃၁ |
| ၁၉ | မစ်ဒယ်ဘရော့ | ၃၅ | ၇ | ၁၀ | ၁၈ | ၃၁ |
| ၂၀ | ဝက်စ်ဘရွန်း | ၃၅ | ၇ | ၇ | ၂၁ | ၂၈ |

**(အင်တာနက်)**

---

❍ ကျောဖုံးမှ

ယနေ့ပွဲကိုလည်း မြန်မာ-ဂျပန် စိန်ခေါ်ပွဲနှစ်ပွဲအပါအဝင်ပွဲစဉ်ပေါင်း ကိုးပွဲဖြင့် ကျင်းပသည်။

ဂျင်ကာဝါ(ဂျပန်)ကို အနိုင်ရရှိသွားသော စောမန်း ပွဲအပြီး အောင်ပွဲခံစဉ်။ (မြန်မာ့အလင်း)

## အထူးပွဲ

လေးချီ အထူးပွဲများတွင် သားစန်းနိုင်(ဆင်မင်း)နှင့် ရဲဝင်းချစ် (မိုးသောက်ကြယ်)၊ လှစ်လှစ်လေး (သူရဲကောင်း)နှင့် အုပ်စိုး (တိုက်ဂါး) တို့ သရေပွဲဖြစ်ခဲ့ကြပြီး ရွှေမျိုးဝင်း (အဖြူရောင်သွေးသစ်)က အောင်သူရ(ဒေါင်းမြန်မာ)ကို ဒုတိယအချီ ၁မိနစ်၂၇စက္ကန့်တွင် ဘယ်ဒူးတိုက်ချက်နှင့် ဝမ်းစတား (Ever Green) က ဂျက်စင်အောင် (ဒေါင်းမြန်မာ) ကို ဒုတိယအချီ ၁မိနစ် ၅စက္ကန့်၌ ညာဖြောင့်လက်သီးဖြင့် အသီးသီး အလဲထိုး အနိုင်ယူသွားကြသည်။

## ငါးချီ

ငါးချီ စိန်ခေါ်ပွဲများတွင် အောင်ပိုင်လေး (ရက္ခပျာလ)နှင့် ရှမဝ (ဒေါင်းမြန်မာ) တို့ပွဲ၌ ပထမအချီတွင် ရှမဝ၏ တိုက်စစ်ကြောင့် အောင်ပိုင်လေး ထိုးကွက်တည်မရဘဲ အလဲလဲ အပြိုပြို ဖြစ်နေခဲ့သော်လည်း ဒုတိယအချီမှစ၍ အောင်ပိုင်လေး၏ ထောက်၊ ဖြော့်လက်သီးများဖြင့် တုံ့ပြန်မှုကြောင့် ရှမဝ တိုက်စစ်တန့်သွားသည်။ ထို့နောက် အောင်ပိုင်လေးက ညာဒူးခုန်ပစ်ခြင်း၊ ဘယ်တံတောင် ရိုက်ခြင်းများဖြင့် တိုက်စစ်ဖွင့်ရင်း အရှိုက်နိုက် ဘယ်ထောက် လက်သီးများဖြင့် ရှမဝကို သက်လုံခြွေသည်။အနီးကပ်လျှင် ညာပင့်လက်သီး သုံးသည်။ ထိလျှင်ကြွသော ရှမဝက ထိုးကွာဟူသော အမူအရာဖြင့် အဝင်ကြမ်းကြမ်းဖြင့် ဇွတ်ဝင်လိုက်ရာ အောင်ပိုင်လေးက ချိုစောင်းဖြင့် ကြိုဆောင့်သည့်အတွက် ရှမဝ မှောက်လဲကာ အနားတောင်းရသည်။ တတိယအချီ ပြည့်ရန် ၂၅စက္ကန့်အလို၌ ဖြစ်သည်။ စတုတ္ထအချီတွင် အောင်ပိုင်လေး၏ အားပါသော ဘယ်ဒူးတိုက်ချက်များ အရှိုက်ထိ၍ရှမဝအမှတ်စဉ်အရေခံရပြန်ပြီး ၁မိနစ် ၅စက္ကန့်တွင် ထပ်ထိသော ဘယ်ဒူးတိုက်ချက်က ပြန်မထတော့သည်အထိ ပိုင်နိုင်သဖြင့် အောင်ပိုင်လေး အလဲထိုးဖြင့် အနိုင်ရရှိသွားသည်ပရိသတ်နှစ်ခြိုက်သော ပွဲဖြစ်သည်။

## မြွေမြွေချင်း

ရန်ဆက်နိုင် (တောင်ကလေး) နှင့် ရွှေမိုးကောင်း (ဘိလပ်မြေစက်ရုံ)တို့ပွဲက မြွေမြွေချင်း ခြေမြင်ကြသော ကရင်ပြည်နယ်သားချင်းဖြစ်သည့်အတွက် အလဲထိုးရန်ခက်ကာ သရေပွဲ ဖြစ်သွားသကဲ့သို့ ဒေါဂျစ်(လယ်/ဆည်)နှင့် မင်းထက်ကျော်(တိုက်ဂါး)တို့ ပွဲကလည်း ဒေါဂျစ်၏ ဘယ်ညာဖြောင့်တွဲများကို မင်းထက်ကျော်က ငယ်ဂုဏ်၊ မာဂုဏ်၊ ပညာဂုဏ်ဖြင့် ထိန်းကစားနိုင်ပြီး မင်းထက်ကျော်၏ ခြေကန်ချက်များ၊ ချုပ်ဒူးများကို ဒေါဂျစ်က သမ္မာဂုဏ်၊ ပညာဂုဏ်ဖြင့် ထိန်းထားနိုင်သည့်အတွက် သရေပွဲ ဖြစ်သွားသည်။

ဒေါဂျစ်နှင့် မင်းထက်ကျော်တို့ပွဲက အကြိတ်အနယ် ရှိလှသော်လည်း ထိုးလုံး သတ်ကွက်များကို မျက်တောင်မခတ်စတမ်း စောင့်ကြည့်နေရသော ပရိသတ်များမှာ လက်ခုပ်တီးအားပေးရန် မေ့သွားသည်ဟု ထင်ရလောက်အောင်ပင် ငြိမ်ချက်သားကောင်းသည့် ပွဲဖြစ်သည်။

မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့ပြိုင်ပွဲအပြီးတွင် ဂျပန်မှ ပြိုင်ဘက်များ၊ ပွဲစီစဉ်သူ စိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်)နှင့် လုံးချော(ညောင်တုန်း)တို့အား တွေ့ရစဉ်။ (မြန်မာ့အလင်း)

## အလွတ်တန်း

ယနေ့ မြန်မာ-ဂျပန် စိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် အလွတ်တန်း ဒင်္ဂုံရွှေအောင်လံဆုရှင် စောမန်းနှင့် ဂျပန်ဂျူဒိုခါးပတ်နက်၊ ကစ်ဘောက်ဆင်သမား ဂျင်ကာဝါဟီရိုကီတို့ ယှဉ်ပြိုင်ကြသည်။ ပွဲစလျှင် စချင်း တစ်ယောက်တစ်ပြန် အောက်ခြေပိုင်း၊ အတွင်းခတ်၊ အပြင်ခတ် ကန်ချက်များဖြင့် အကဲစမ်းရင်း သူဝင်ကိုယ်ဝင် ပူးချုပ်မိကြရာ စောမန်းက ဘယ်ချိုစောင်းဖြင့် ကပ်၍ ကျိတ်တိုက်သောကြောင့် ဂျင်ကာဝါ ညာမျက်ခုံးထောင့် ကွဲကာ မူးဝေသွားသဖြင့် အမှတ်စဉ် အရေခံရသည်။ စောမန်းက အခွင့်အရေးကို လက်လွှတ်မခံဘဲ ဆက်တိုက်ဝင်လုံးကာ ဆွဲချုပ် ခေါင်းတိုက်ပြန်သည်။ ဂျင်ကာဝါက ခေါင်းတိုက်ချက်ကို ဂရုထားရင်းနောက်ဆုတ် နောက်ဆုတ်ဖြင့် ကြိုးတန်းကျောကပ်သွားရာမှ ကြိုးစားရုန်းထွက်ပြီး ထိုင်အချ စောမန်းက ညာဒူးဖြင့် ဆင့်လိုက်ရာ ဒုတိယအကြိမ် အမှတ်စဉ် အရေခံရပြန်သည်။

## သြဘာလက်ခုပ်

ဂျင်ကာဝါသည် ပထမအကြိမ် အမှတ်စဉ် အရေခံရစဉ်က သွေးပျက်သည့် မျက်နှာဖြင့် ရှုံ့မဲ့နေခဲ့သော်လည်း ဒုတိယအကြိမ် အမှတ်စဉ် အရေခံပြီးသောအခါ ပြန်ထ၍ လက်ရုံးဆန့် ရင်ဖွင့်၍ အော်ဟစ် မာန်သွင်းကာ ပြန်လည်ရင်ဆိုင်မည့် အမူအရာ ပြသောကြောင့် ပရိသတ်များက သြဘာလက်ခုပ်ပေးကြသည်။ ဂျင်ကာဝါ မာန်သွင်း၍ ဟန်တင်းသော်လည်း ချုပ်တိုက် သတ်ကွက်ကောင်းမှန်း သိသွားသော စောမန်းက ကရင်ထန်းလျက်အိုး တွေ့သည့်ပမာ တစ်ရှိန်ထိုးဝင်ချုပ်ပြီး ဘယ်ညာပင့်ဒူးများဆင့်တိုက်သည့်အတွက်ဂျင်ကာဝါ နောက်သို့ရုန်းအထွက် အားလွန်၍ ပက်လက်အကျ စောမန်းက ညာခြေစုံဖြင့်ဖြတ်သိမ်းလိုက်ရာ အပိုင်မထိသော်လည်း ဂျင်ကာဝါ ရုတ်တရက် ပြန်မထနိုင်သောကြောင့် တတိယအကြိမ် အမှတ်စဉ် အရေခံရပြန်သဖြင့် တစ်ချီအတွင်း အမှတ်စဉ် သုံးကြိမ် အရေခံရလျှင် အရှုံးဟူသော ကြိုးဝိုင်းစည်းမျဉ်းအရ စောမန်း အနိုင်ရရှိသွားချိန်၌ ပထမအချီ ၁မိနစ်၄၀စက္ကန့်သာ ရှိသေးသည်။

## ဆုငွေချီးမြှင့်

စောမန်းကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်း (ထက်လင်းတိုင်းရင်းဆေး)ကပွဲမစမီစောမန်းနှင့် ဂျင်ကာဝါတို့အား ဆုငွေကျပ်တစ်သိန်းစီ ကြိုတင်ချီးမြှင့်ခဲ့ပြီး ပွဲပြီးပြီးချင်း စောမန်းကို ဆုငွေ ကျပ်တစ်သိန်း ထပ်မံချီးမြှင့်သည်။ ဆုပေးပွဲအခမ်းအနားကို ကြားဖြတ်ကျင်းပရာ မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က စောမန်းကို ရွှေခါးပတ်နှင့် ဆုငွေကျပ်ငါးသိန်း ချီးမြှင့်ပြီး(ပွဲစီစဉ်သူပေးရမည့်ထိုးသတ်ကြေးနှင့် မသက်ဆိုင်) ဂျင်ကာဝါကို ဆုဖလားချီးမြှင့်သည်။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ (UMFCCI ဥက္ကဋ္ဌ) ဦးဝင်းမြင့်က ဆုငွေကျပ်နှစ်သိန်း ချီးမြှင့်သည်။

စောမန်း၏ နိုင်ပွဲကြောင့် စိတ်တက်ကြွသွားသော ပရိသတ်များသည် လုံးချော လျှောက်လမ်းမှ ကြိုးဝိုင်းသို့ အလာ လက်ခုပ်တီးခြင်း၊နာမည်ခေါ်၍ အားပေးခြင်းများဖြင့် ကြိုဆိုကြသည်။ ဆာမူကာဝါကိုလည်း ရင်းရင်းနှီးနှီး အော်ဟစ်လက်ခုပ်တီးအားပေးကြသည်။ ဒေါက်တာ ခင်မောင်ထွန်းကလည်း ဆုငွေ ကျပ်တစ်သိန်းစီ ချီးမြှင့်သည်။



စောမန်း(မြန်မာ) ဘယ်ညာ လက်သီးတွဲလုံးများက ဂျင်ကာဝါ(ဂျပန်)ကို ထိမိထားစဉ်။ (မြန်မာ့အလင်း)

ပွဲစလျှင် စချင်း ဆာမူကာဝါက ရုတ်တရက် ညာအောက်ခြေသိမ်းဖြတ်ကန်ရာ လုံးချော ခြေပစ်လက်ပစ် ပြုတ်ကျသွားသည်။ ရှေ့ပွဲတွင် စောမန်းက စောစီးစွာ ပွဲဖြတ်နိုင်ခြင်းကြောင့် လုံးချောကလည်း ပွဲဖြတ်လိုဇောဖြင့် အားပါသော ဘယ်ထောက် ညာဖြောင့်များကို အပီထိုးသည်။

ဆာမူကာဝါ၏ ပေးပို့သော ပွဲမှတ်တမ်းတွင် ပြိုင်ဘက်ကို ဘယ်ထောက်ထိုးချိန်၌ ညာလက်ကျနေသော်လည်း ယခုပွဲတွင် ဆာမူကာဝါက တိုက်စစ်ထက် ခံစစ်ကို ဦးစားပေးကာ လက်နှစ်ဖက်စလုံးကို ရှေ့တွင် လက်ဝါးဖြန့်ထောင်ကာ၍ လုံးချော လက်သီးအကျွံ၌ ဝင်ချုပ်နေသည်။

## တတိယအချီ

ဆာမူကာဝါသည် လုံးချောကို အနိုင်ရရေးထက် မိမိ အလဲထိုး မခံရရေးကို အခြေခံထား၍ ကောင်တာပြန်ထိုးသည့် လုံးချော၏ ထောက်ဖြောင့်လက်သီးများ ဆာမူကာဝါ၏ မျက်နှာကို ထိရှမှုများလာပြီး ပထမအချီမှ တတိယအချီအတွင်း ဆာမူကာဝါ အမှတ်စဉ် နှစ်ကြိမ် အရေခံရသည်။သို့သော် အတွေ့အကြုံရင့်သော ဆာမူကာဝါက အမူအရာ မပျက်ဘဲ သွေးအေးတည်ငြိမ်စွာ မှင်မောင်းကောင်းကောင်းဖြင့် ရနိုင်သမျှ တန်ပြန်ထိုးသတ်သည်။ ဆာမူကာဝါ၏ နှစ်ချက်ထိုး၊ တစ်ချက်ကန် သတ်ကွက်ရိုးသကဲ့သို့ လုံးချောကလည်း ဘယ်ထောက်၊ ညာဖြောင့်၊ ဘယ်ထောက် ညာပင့်များကိုသာ အသုံးများသည်။ ဆာမူကာဝါသည် ဟန်ကိုယ့်ဖို့ အမူအရာဖြင့် လုံးချောအဝင်ကို ကြိုးဝိုင်းထောင့်၌ လက်နှစ်ဖက်ထောင်ကာ၍ စောင့်နေခြင်းကို လုံးချောက မည်သို့ လုပ်ရမည်မသိဘဲ အကဲပြန်စောင့်နေသဖြင့် ပရိသတ်များ အားမလို အားမရဖြစ်ကာ အော်ဟစ်ရှုတ်ချသည်။ လုံးချောက ဆာမူကာဝါ၏ ခံစစ်ကို ဘယ်ညာတွဲလုံးဖြင့် ဖိထိုးသည့်အခါလည်း အပိုင်ထိအောင် မထိုးနိုင်ဘဲ လေထဲ၌ လျှံထွက်နေခြင်းကြောင့် လက်သီး အဖြုန်းများခဲ့သော လုံးချောသည် ပဉ္စမအချီတွင် သက်လုံလျော့ကာ အားကုန်လာသကဲ့သို့ဖြစ်ပြီး ဆာမူကာဝါကပင် လက်သီးအတို အသွက်များဖြင့် ပြန်လည် တိုက်စစ်ဆင်လာသည်။ တစ်ခါတွင် ဆာမူကာဝါ၏ အောက်ခြေပိုင်းကန်ချက်ကြောင့် လုံးချော ကြိုးတန်းပေါ် ပြုတ်ကျသေးသည်။ ပွဲမပြီးမီပင် သရေကျမည်ကို ရိပ်မိလာသော ပရိသတ်များက လုံးချောကို အားမလိုအားမရဖြစ်ခဲ့ကြသည်။

## ပူးတွဲဆု

ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် ချီးမြှင့်သော ဆုဖလားကို လုံးချောနှင့် ဆာမူကာဝါတို့ ပူးတွဲလက်ခံယူကြသည်။ ယနေ့ပွဲတွင် ပရိသတ်များ၏ အားပေးပုံ မျှတသည့်အတွက် ဧည့်သည် ဂျပန်လက်ဝှေ့သမားများ ကျေနပ်ပျော်ရွှင်မှုရှိကြောင်း တွေ့ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ဒုတိယနေ့ကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ဤသို့ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

“ပြည်သူတွေ မီးဘေး အန္တရာယ်မှ ကင်းဝေးအောင် ကာကွယ် စောင့်ရှောက် ပေးနေပါတယ်”
ဦးမြင့်ထွန်း ညွှန်ကြားရေးမှူးချုပ်

* ကျောဖုံးမှ

ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် မီးဘေးအန္တရာယ် ကင်းဝေးစေရေးဆိုင်ရာ သိကောင်းစရာများကို သိရှိနိုင်ရန် မီးသတ်ဦးစီးဌာန (ရုံးချုပ်) တည်ရှိရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ကာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

## အကောင်အထည်ဖော်

“မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေနဲ့ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အသက် အိုးအိမ်စည်းစိမ်တွေနဲ့ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ကုန်ထုတ်အရင်းအနှီးတွေကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်ဆိုတဲ့ ရည်ရွယ်ချက်ကို နိုင်ငံတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ အနီးကပ် ကြီးကြပ်မှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်” ဟု ရှင်းပြသည်။

## မီးလောင်မှု

မြန်မာနိုင်ငံတွင် မီးဘေးအန္တရာယ် ကင်းဝေးရေးနှင့် ပျက်စီးဆုံးရှုံးမှု အနေအထားများနှင့်ပတ်သက်ပြီး လေ့လာကြည့်လျှင် ၂၀၀၈ခုနှစ်က နိုင်ငံတစ်ဝန်းမီးလောင်မှု ၇၉၉ကြိမ်

## မီးဘေးအန္တရာယ်

မြန်မာနိုင်ငံအတွင်း လူနေအိမ်များ တိုးပွား များပြားလာသလို မြို့ကြီးများတွင် လူနေထိုင်မှုများလာသည်။ လူဦးရေတိုးပွားမှု မြန်ဆန်သဖြင့် လူနေထိုင်မှုအနေအထား များပြားလာခြင်းကြောင့် မီးဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မှုများ ပိုမိုလိုအပ်လာသည်။

“မီးသတ်ဦးစီးဌာနအနေနဲ့ လူထုပညာပေး လုပ်ငန်းတွေအပြင် ကြိုတင်ကာကွယ်ရေးအတွက်လည်း စစ်ဆေးခြင်းလုပ်ငန်းတွေကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရပ်ကွက်တွေ၊ မြို့နယ်များမှာရှိတဲ့ စက်မှုဇုန်တွေ၊ စက်ရုံအလုပ်ရုံတွေကို ၁၉၉၇ခုနှစ်မှာ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့

မီးလောင်မှုဖြစ်ပွားရာမှ လူနာတစ်ဦးအား ဤသို့ အရေးပေါ်ကယ်ဆယ်ရေး သယ်ဆောင်ရမှုကလည်း ကျွမ်းကျင်မှုရှိမှ ရမည်ဖြစ်သည်။ (မြန်မာ့အလင်း)

ဖြစ်ပွားခဲ့ပြီး လူပေါင်း ၃၄ဦး သေဆုံးကာ ငွေကျပ် ၃၉၄၅၁သမ၇၅သန်းကျော် ဆုံးရှုံးခဲ့သည်။ ဒဏ်ရာရသူ ၆၁ဦးနှင့် မီးဘေးဒုက္ခကြုံတွေ့ရသူ ၁၇၃၄၁ ဦး ရှိခဲ့ကြောင်း သိရသည်။

“၁၀နှစ်တာကာလကို တွက်ကြည့်တဲ့အခါ မီးဘေးကြောင့် သေဆုံးသူ ၃၆၆ဦးနဲ့ ကာလတန်ဖိုး ကျပ်၁၆၂၂ကုဋေ ဆုံးရှုံးခဲ့တာ တွေ့ရပါတယ်။ ဒီမီးလောင်မှုတွေဟာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး တည်ဆောက်တဲ့နေရာမှာ ကြီးမားတဲ့ အဟန့်အတားတွေပဲ ဖြစ်ပါတယ်။ ၂၀၀၉ခုနှစ်မှာ ၂၀၀၈ခုနှစ်ကထက် မီးလောင်မှုတွေ လျော့နည်းကျဆင်းအောင် မီးသတ်ဦးစီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိပေမယ့် မန္တလေး ရတနာပုံဈေးနဲ့ မော်လမြိုင်ဈေးလို မီးလောင်မှုတွေက ဆုံးရှုံးမှုပမာဏ ကြီးမားပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့လိုအပ်သလို မီးသတ်ဦးစီးဌာနအနေနဲ့ လူထုပညာပေးလုပ်ငန်းတွေအပြင် ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

‘မီးသတ်တပ်ဖွဲ့ဥပဒေ’နဲ့ အညီ ဆောင်ရွက်လျက်ရှိပါတယ်” ဟုလည်း မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်းက ပြောပြသည်။

## အသိစိတ်ဓာတ်

တစ်ဖန် ပြည်သူများအနေဖြင့် ထားရှိသင့်သည့် အသိစိတ်ဓာတ်နှင့်ပတ်သက်၍လည်း “ပြည်သူတွေအနေနဲ့ ကိုယ်တိုင်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ ပင်ကိုနိုးကြားတဲ့ အသိစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုသလို မီးငြိမ်းသတ်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းတွေမှာ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မီးသတ်လုပ်ငန်းဟာ လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ ပြည်သူတစ်ဦးချင်းက နေပြီး တစ်နိုင်ငံလုံး မီးကိုဂရုတစိုက်သုံးစွဲမှသာ မီးလောင်မှုတွေ လျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်”ဟု ၎င်းက မြန်မာ့အလင်းသို့ ရှင်းပြလေသည်။

မီးသတ်တပ်ဖွဲ့၌ရှိသော သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့များအပြင် လူမှုရေးအဖွဲ့အစည်းများကို အရေးပေါ်အခြေအနေ၌

နေအိမ်အခန်းအတွင်း မီးလောင်မှုကြောင့် မီးခိုးများ ဖုံးလွှမ်းနေမှုမှ မီးကူးစက်ပြန့်ပွားမှု မဖြစ်စေရန် မီးခိုးများကို ဤသို့ စက်ဖြင့်စုပ်ထုတ်ယူရသည့် မြင်ကွင်း။ (မြန်မာ့အလင်း)

ပူးပေါင်းဆောင်ရွက်နိုင်ကြဖို့ အခြေခံမီးသတ်ပညာသင်တန်းနှင့် အသက်ကယ်သင်တန်းများ ဖွင့်လှစ် ပို့ချပေးလျက်ရှိသည်။ သင်တန်း၌ သင်ကြားပေးနေသော ဘာသာရပ်များမှာ **“ကြိုးချည်နည်း၊ ကြိုးအသုံးပြုနည်း၊ ကြိုးကူးနည်း၊ ကြိုးတက်နည်း၊ ကြိုးဆင်းနည်း၊ ခေတ်မီအသက်ကယ်ပစ္စည်း အသုံးပြုနည်း၊ ရှာဖွေခြင်းနှင့် ကယ်တင်ခြင်း၊ ရေတွင် အသက်ကယ်ခြင်း”** စသည်များကို လက်တွေ့သင်ကြားပေးလျက်ရှိသည်။

## သင်ကြားပေး

ထို့အပြင် အရည်အချင်းပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်လာစေရန် ရှေးဦးသူနာပြုစုနည်း၊ အမြင့်ပိုင်းနှင့် အနိမ့်ပိုင်း ကယ်တင်နည်း၊ အကျဉ်းအကျပ် ကျရောက်နေသူများအား ကယ်တင်နည်း၊ ရေပြင်၌ အသက်ကယ်နည်း၊ အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းများ ဖယ်ရှားရှင်းလင်းခြင်း၊ ရှေးဦး မီးငြိမ်းသတ်နည်းစသည်များကို သင်တန်း၌ သင်ကြားပေးလျက်ရှိသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများအပေါ် ကျရောက်လာမည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များအပြင် အခြားသော အသက်ဘေးအန္တရာယ် လတ်တလော ကြုံတွေ့နေမှု အမျိုးမျိုးကိုလည်း ကယ်တင်စောင့်ရှောက်ပေးရန် အချိန်နှင့်အမျှ အသင့်ရှိနေသည်။ အရေးပေါ်အခြေအနေ၌ မီးသတ်တပ်ဖွဲ့ကို အမြန်ဆုံးအကြောင်းကြားပေးရန်သာ လိုသည်။ ၁၉၉၁ခုနှစ်မှ ယနေ့အချိန်အထိ လူ့အသက်ပေါင်း ၂၁၉ဦးကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကယ်တင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

နာဂစ်မုန်တိုင်းသင့် ပြည်သူများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံများမှ ပေးပို့ထောက်ပံ့ လှူဒါန်းသော အစားအစာများ၊ ဆေးဝါးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများကို လေကြောင်းလိုင်းများဖြင့် ပေးပို့ရာ ဝန်ကြီးဌာနအစီအစဉ်ဖြင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင်သောအဖွဲ့မှ လက်ခံရယူပြီး လေဘေးသင့် ဒေသများသို့ အချိန်မီဖြန့်ဖြူးပေးပို့ခဲ့သလို ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မုန်တိုင်းဒဏ်ကြောင့် သစ်ပင်များပြိုလဲပြီး လမ်းများ ပိတ်ဆို့နေခြင်းများကိုလည်း မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းဖယ်ရှားပေးခြင်း၊ သောက်သုံးရေခက်ခဲသော ပြည်သူများကိုလည်း မီးသတ်စက်ယာဉ်ဖြင့် ရေဖြန့်ဝေခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့် သင်တန်းပေးခြင်း၊ အသက်ကယ်ဆယ်ရေးအဖွဲ့များကို ပြည်နယ်၊ တိုင်းအလိုက် စုဖွဲ့လေ့ကျင့်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့အား အရေးပေါ်ဆက်သွယ် အကြောင်းကြားရမည့် ဖုန်းနံပါတ်များမှာ-

| | | |
|---|---|---|
| **အရေးပေါ်ဖုန်းနံပါတ်** | - | ၁၉၁ |
| **မီးသတ်ဦးစီးဌာန(ရုံးချုပ်)** | - | ၀၁-၆၆၆၉၁၂၊ ၆၆၆၉၁၃ |
| **နေပြည်တော်မီးသတ်** | - | ၀၆၇-၄၂၀၀၀၅ |
| **ရန်ကုန်တိုင်းမီးသတ်ကွပ်ကဲ** | - | ၀၁-၂၅၂၀၁၁၊ ၂၅၂၀၂၂ |
| **မန္တလေးတိုင်းမီးသတ်ကွပ်ကဲ** | - | ၀၂-၆၀၇၃၈ |

တို့ ဖြစ်သည်။

## ကယ်တင်စောင့်ရှောက်

မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများအပေါ်ကျရောက်မည့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအပြင် အခြားသော အသက်ဘေးအန္တရာယ် လတ်တလောကြုံတွေ့နေမှု အမျိုးမျိုးကို ကယ်တင်စောင့်ရှောက်ရန် ၂၄နာရီ အသင့်ရှိနေပါကြောင်း (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

# ရေစီးရေလာကောင်းမွန်ရေး လှိုင်သာယာ၌ ဆောင်ရွက်

ရန်ကုန် မေ ၃

**ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းသည် ဧပြီ ၂၈ရက် နံနက်ပိုင်းက လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိ၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၏ မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်ဥက္ကဋ္ဌဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းနှင့် လှိုင်သာယာမြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်တို့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်စိန်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးသိန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ဆန်းထက်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စက်မှုဇုန် စီမံကိန်းမန်နေဂျာ ဦးကျော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရေဥက္ကံကျေးရွာအုပ်စုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ထားမှုနှင့် ယင်လုံအိမ်သာများ စနစ်တကျဆောက်လုပ်ထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမှတ်(၇)ရပ်ကွက် အမက(၁၅)၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကျန်းမာရေး ပညာပေးဟောပြောပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝ၉၇)

# မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၃

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပညာရေးလုပ်ငန်းအနေဖြင့် မသန်စွမ်းသူများအား ကွန်ပျူတာအခြေခံသင်တန်းကို မေလမှစ၍ အခမဲ့သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## စုံစမ်းနိုင်

အဆိုပါအခြေခံသင်တန်းများ တက်ရောက်အောင်မြင်ပြီးပါက အဆင့်မြင့်ကွန်ပျူတာပညာရပ်များကိုလည်း ဆက်လက်သင်ကြားပို့ချပေးပြီး အလုပ်အကိုင်ရရှိရန်အတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော မသန်စွမ်းသူများသည် ဖုန်း- ၀၁-၂၁၅၉၃၉၊ ၂၂၂၈၂၃၊ ၂၂၉၀၈၇၊ ၀၉-၅၁-၀၃၇၂၅ နှင့် ၀၉-၅၀-၄၂၆၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စာစီစာကုံးပြိုင်

**မြို့တော် သန့်ရှင်းသာယာလှပတင့်တယ် အဆင့်မြှင့်တင်ရေးအတွက် စိမ်းလန်းသန့်ရှင်း ကျန်းမာခြင်းဆိုင်ရာ စာစီစာကုံး ပြိုင်ပွဲကို အထက(၁)မင်္ဂလာဒုံ၌ ဧပြီ ၄ရက်က မြို့နယ်အဆင့် ကျင်းပရာ အခြေခံပညာဦးစီးဌာန(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး(သင်ကြား) ဦးကျော်ဝင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဦးအောင်စိုးနှင့် အထက (၁) ကျောင်းအုပ်ကြီး ဦးကျော်ဝင်းတို့ ကြည့်ရှုအားပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

**လှူဒါန်းနိုင်**

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) | ၂၉၆၄ ချပ် | ၁ ချပ် | ကျပ် ၁၆၂၀၀၀၀ နှုန်း |
| (၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) | ၄၂၀၈ ချပ် | ၁ ချပ် | ကျပ် ၅၈၀၀၀၀ နှုန်း |

**ဆက်သွယ်နိုင်**

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

❒ *ကျော့ဖုံးမှ*

*အာဟာရဓာတ်ပါဝင်မှုနှုန်း နည်းသည့်အပြင် ဦးနှောက်ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း သိရသည်။*

*ထိခိုက်*

*သန့်ရှင်းလတ်ဆတ်မှု မရှိခြင်းနှင့် စနစ်တကျ ထုတ်လုပ်ထားခြင်း မရှိမှုတို့ကြောင့် နေ့စဉ် စားသုံးသော လူအများအနေဖြင့် သတ်မှတ်အာဟာရ အပြည့်အဝ မရနိုင်သဖြင့် ဦးနှောက်ဆဲလ်များကို ထိခိုက်မှုဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။*

*ချင့်ချိန်*

*ထို့ကြောင့် အလွယ်တကူ စားသုံးနိုင်သော အသင့်ထုပ်ပိုး အစားအစာများကို ချင့်ချိန် စားသုံးသင့်ကြောင်း အမေရိကန်သုတေသနပညာရှင်များက အကြံပြုထားသည်။*

## AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃

**ဧပြီ ၂၆ရက်မှ ၃၀ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပခဲ့သော ၂၀၁၀ပြည့်နှစ် AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(က)၌ သုံးပွဲကစား၊ သုံးပွဲနိုင်သဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယမန်နေ့နံနက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။** (အပေါ်ပုံ)

ခြေစစ်ပွဲအောင် မြန်မာ့လက်ရွေးစင်အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးလှဌေး (SARA F.C)၊ အုပ်ချုပ်သူအဖြစ် ဦးတင်ဟန် (မကွေး F.C)၊ နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြများအဖြစ် ဦးဇော်ဝင်းထွန်း (မကွေး F.C)နှင့် ဂိုးနည်းပြအဖြစ် ဦးအောင်ကျော် (Delta United F.C)၊ဆေးမှူးအဖြစ် ဒေါက်တာအောင်ကျော်ဦး၊ သူနာပြုအဖြစ် ဦးဘကြိုင်၊ အားကစားသမားများအဖြစ် **(ဂိုးသမား)** ကျော်ဇင်ထက် (ကမ္ဘောဇ F.C)၊ ဇော်မိုးထက်(ဧယျာရွှေမြေ F.C)၊ **(နောက်တန်း)** မျိုးဇော်ထွန်း (ဧယျာရွှေမြေ F.C)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ F.C)၊ မိုးဝင်း (ကမ္ဘောဇ F.C)၊ ဝင်းမင်းထွဋ်(ကမ္ဘောဇ F.C)၊ အေးဆန်း (ကမ္ဘောဇ F.C)၊ ခင်မောင်လွင် (ကမ္ဘောဇ F.C)၊ **(အလယ်တန်း)** ဘိုဘိုအောင်(မကွေး F.C)၊ ဇော်ထက်အောင် (မကွေးF.C)၊ အောင်မျိုးသန့် (ဧယျာရွှေမြေF.C)၊ စိုးမင်းနိုင် (မကွေးF.C)၊ စိုးသီဟအောင် (Delta United)၊ တင်ဝင်းအောင်(ရန်ကုန်ယူနိုက်တက် F.C)၊ မျိုးမင်းထွန်း(ရန်ကုန်ယူနိုက်တက် F.C)၊ ပိုင်စိုး (ရတနာပုံ F.C)၊ **(ရှေ့တန်း)** ရာဇာဝင်းသိန်း (ဧယျာရွှေမြေ F.C)၊ ပြည့်ဖြိုးဦး (မကွေးF.C)၊ ထွန်းထွန်းဝင်း (ရတနာပုံ F.C)နှင့် အောင်ကျော်မျိုး (Delta United F.C)တို့ပါဝင်ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် မကာအိုကို လေးဂိုး-ဂိုးမရှိ၊ အိမ်ရှင်ဘင်္ဂလားဒေ့ရှ်ကို နှစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရပြီး သုံးပွဲကစား၊ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ AFC Challenge Cup ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်ပြိုင်ပွဲများကို အိန္ဒိယနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီး တိုက်ရိုက်ကစားခွင့်ရ အိန္ဒိယအသင်း၊ မြောက်ကိုရီးယားအသင်း၊ တာဂျစ်ကစ္စတန်အသင်းတို့ အပါအဝင် အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော မြန်မာ၊ တာ့ခ်မင်နစ္စတန်၊ ကာဂျစ်စတန်၊ သီရိလင်္ကာနှင့် အကောင်းဆုံးအုပ်စု ဒုတိယဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သော ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## လုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းဖွင့်

**နေပြည်တော် မေ ၃**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဦးစီးအရာရှိ (ဘဏ္ဍာ)နှင့် လက်ထောက် အင်ဂျင်နီယာ(မြို့ပြ) လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကို ဧပြီ ၂၉ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးစီးအရာရှိ (ဘဏ္ဍာ)နှင့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)၃၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Overclocking နည်းပညာ သရုပ်ပြပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မေ ၃**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသော Overclocking နည်းပညာ သရုပ်ပြပြိုင်ပွဲကို မေ၁ရက်မှ ၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ပြုလုပ်သည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၉တွင် ကျင်းပခဲ့သည်။

**ဆုများပေးအပ်**

ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မေ၃ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်ရာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌဦးခွန်ဦးက ပြိုင်ပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် Golden Power Technology မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းအောင်တို့က ပြိုင်ပွဲတွင် ပထမဆုရ မောင်ကျော်ရဲသန်း၊ ဒုတိယဆုရ မောင်ကျော်ဇင်ဟိန်း၊ တတိယဆုရမောင်ဖြိုးဝေမောင်နှင့် နှစ်သိမ့်ဆုရမောင်သီဟနှင့်မောင်အောင်အောင်တို့အား ဆုများပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

ဧရာဝတီတိုင်း ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း၊ မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၇၂/၁၄-၁၅မိုင်တွင် တည်ရှိသည့် ဖားတစ်ရှဉ်းတံတားကို ၂၀၀၇ခုနှစ် မတ်လ၂၅ရက်က ဖွင့်လှစ်ပေးခဲ့သည်။

**နေ့မအား ညမနား**

ယခင်ဖားတစ်ရှဉ်းတံတားဟောင်းမှာ ၁၉၂၃ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် သက်တမ်းကာလ ၈၃နှစ်ရှိပြီဖြစ်ရာ ကားရော ရထားပါသွားလာနိုင်အောင် တံတားသစ်တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်သည်။ ယခင်ကားလမ်းအကျယ်မှာ ၁၀ပေသာရှိခဲ့သည်။ မာလာမုန်တိုင်း တိုက်ခတ်ပြီး ရေကြီးမှုကြောင့် ဖားတစ်ရှဉ်း တံတားဟောင်းမှာ ပြိုလဲခဲ့ရသည်။ မြန်အောင်-ကြံခင်းလမ်းပိုင်းတွင် ရထားသာမက ကားများပါ သွားလာမှုပြတ်တောက်ခဲ့ရသည်။ သို့အတွက် မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပန်းဆက်သွယ်မှု အမြန်ဆုံးကောင်းမွန်ရေး၊ ရေရှည်တည်တံ့ရေးအတွက် တံတားသစ်ကြီးကို နေ့မအား ညမနားဖြင့် ၁၁လအတွင်း အပြီးပြန်လည်တည်ဆောက်နိုင်ခဲ့သည်။

**ဖြတ်သန်းနိုင်**

ဖားတစ်ရှဉ်းတံတားမှာ စုစုပေါင်းအရှည် ၄၆၉ပေရှိပြီး Bore Pile အုတ်မြစ်အပေါ်ပိုင်း သံကူကွန်ကရစ်တံတားဖြစ်သည်။ ရထားလမ်းအပြင် ကားလမ်းပါ ပါရှိပြီး စုစုပေါင်းအကျယ် ၁၃ပေပါရှိကာ တန်၃၀နှင့်အထက်ကားများပါ ဖြတ်သန်းမောင်းနှင်နိုင်ပြီ ဖြစ်သည်။ ဖားတစ်ရှဉ်းတံတားသစ် ဖွင့်လှစ်နိုင်ခဲ့၍ မြန်အောင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၅၈အုပ်စု၊ ကျေးရွာပေါင်း ၅၁၇ရွာနှင့် မြန်အောင် မြို့မတိုက်နယ်၊ ကနောင်တိုက်နယ်၊ တာခွတဲကြီးကုန်တိုက်နယ်၊ အင်ပင်တိုက်နယ် အပါအဝင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများသည် မြန်အောင်-ကြံခင်း၊ ပြည်-ရန်ကုန်-မန္တလေးတို့သို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၄-၅-၂၀၀၉ ရက် (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ အလှတွင် အယဉ်ဆင့်နေသည့် နေပြည်တော်ရေပန်းဥယျာဉ်
၈:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၅ ၉။ International News
၈:၄၅ ၁၀။ **ငှက်တစ်သောင်း**
ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးစိုးမြင့်၊ တိမ်ညွန့် (ဒါရိုက်တာ-မောင်သီ)
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၁၅ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄:၂၅ ၄။ အကပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ မြန်မာစာ မြန်မာစကား
၅:၂၀ ၈။ အဆိုပြိုင်ပွဲ
၅:၂၅ ၉။ **နှစ်မြွာ နတ်မိမယ်**
မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်)
၅:၄၅ ၁၀။ ကြားညှပ်သီးနှံ 'ဝ'ဥပင်
၅:၅၀ ၁၁။ တေးဂီတအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ ဆိုကြမယ် ပျော်ကြမယ်
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၁)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြား ဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်**(အပိုင်း-၁၂)
၂၀။ အစီအစဉ်ပြီး၏။

## ထူးခြားသည့် နေ့အပူချိန်

(၃-၅-၂၀၀၉)

| | | |
|---|---|---|
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မန္တလေး | ၄၂ | ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာမိုးရေချိန်

(၃-၅-၂၀၀၉)

| | | |
|---|---|---|
| ပြင်ဦးလွင် | ၁ ဒသမ ၅၈ လက်မ | |
| မောင်တော | ၁ ဒသမ ၅၀ လက်မ | |
| မြဝတီ | ၁ ဒသမ ၂၆ လက်မ | |

ဥတုရာသီ
တောကိုမှီ၏

## မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မေလ၏ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။

**ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့နှင့် မန္တလေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပြင်ဦးလွင်မြို့တွင် ၁ဒသမ၅၈လက်မ၊ မောင်တောမြို့တွင် ၁ဒသမ ၅၀လက်မနှင့် မြဝတီမြို့တွင် ၁ ဒသမ ၂၆လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မေ ၄ရက် ညနေအထိ ခန့်မှန်းချက်မှာ** ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

**အမှတ် ၁၆၊ တတိယလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀-၀၄၀၃၃**

**Open (7:00 AM to 9:00 PM) ပိတ်ရက်မရှိပါ။**

**(မြေနီကုန်း-ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကုန်တိုက်မှ လမ်းလျှောက် 5.min)**

- ပြည်တွင်း၊ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊သူနာပြုအုပ်(အငြိမ်းစား)များဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ် ထုတ်ပေး၍ သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ သင်တန်းဆင်း သက်သေခံ အောင်လက်မှတ် ထုတ်ပေးမည်။
- သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသောနှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။ သင်တန်းအပ်လက်ခံနေပြီ။
- တန်းခွဲသစ်တစ်ခုလျှင် ၁၅ဦးသာ သတ်မှတ်ထားသည်။

**နှစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်တည်းသာ)**

**အပတ်စဉ် (၇၈၃)** ၉-၅-၂၀၀၉ ရက် စမည်။ စနေနှင့် တနင်္ဂနွေ
**အပတ်စဉ် (၇၈၄)** ၁၂-၅-၂၀၀၉ ရက် စမည်။ အင်္ဂါနှင့် ဗုဒ္ဓဟူး

**သုံးလပြတ် အထူးသင်တန်း (တစ်ပတ်တစ်ရက်တည်းသာ)**

**အပတ်စဉ် (၇၈၅)** ၁၀-၅-၂၀၀၉ ရက်စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ

**တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ် ငါးရက်)**

**အပတ်စဉ် (၇၈၆)** ၁၁-၅-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
**အပတ်စဉ် (၇၈၇)** ၁၄-၅-၂၀၀၉ ရက်စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
နံနက်ပိုင်း 09:00 AM to 12:00 PM
မွန်းလွဲပိုင်း 01:30 PM to 04:30 PM
ညနေပိုင်း 06:00 PM to 08:00 PM

**(၁၀)ရက်အပြီး အထူးသင်တန်း**

**အပတ်စဉ် (၇၈၈)** ၁၂-၅-၂၀၀၉ရက်မှ ၂၁-၅-၂၀၀၉ ရက်အထိ။
09:00 AM to 04:30 PM

## ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) (၁၅)ကြိမ်မြောက် ဆရာကန်တော့ပွဲ မေ ၂၄ရက်၌ ကျင်းပမည်

ရန်ကုန် မေ ၃

ဝါးခယ်မမြို့ အထက(၁)နှင့်(၂)၊ အလက(၁)နှင့် (၂)တို့မှ သက်ပြည့် အငြိမ်းစားယူခဲ့ကြသည့် ရန်ကုန်ရောက် ဆရာကြီး၊ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် ဆရာကန်တော့ပွဲကို မေ၂၄ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အသင်းတိုက်တည်ရှိရာ လသာမြို့နယ် စဉ့်အိုးတန်းလမ်း အမှတ် ၁၂၃ ကျင်းပမည်ဖြစ်သည်။

**လှူဒါန်းနိုင်**

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း) ဖုန်း-၅၄၉၃၀၁၊ ၀၉-၅၁-၈၅၉၇၂၊ အတွင်းရေးမှူး ဦးသန်းဌေး ဖုန်း-၃၉၃၁၀၅၊ ၀၉-၅၁-၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၅၁-၆၆၁၆၄နှင့် အသင်းတိုက် ဖုန်း-၂၂၆၅၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဝါးခယ်မမြို့တွင် မေ ၁၀ရက်၌ ကျင်းပမည့် ဆရာကန်တော့ပွဲအတွက် လှူဒါန်းလိုပါက ဝါးခယ်မမြို့အသင်းခွဲရုံး ဖုန်း-၀၄၂-၆၀၁၅၉သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၃

မေ ၅ ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သွေးလှူဒါန်းခြင်းနှင့် စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများကို မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မြို့နယ်အသီးသီးတို့မှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ခုတင်-၈၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင် ၁၁၇ဦးတို့၏သွေးလှူဒါန်းခြင်းနှင့် တပ်ဖွဲ့ဝင်၆၀၃ဦးတို့၏စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗိုလ်ကိုကိုလှိုင်၊ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာ အောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

### အသံချဲ့စက်သံနားမခံနိုင်

စာတည်းခင်ဗျား-

ကောလင်းမြို့ စည်ပင်သာယာဈေးအတွင်းရှိ အချို့သော ဈေးဆိုင်ပိုင်ရှင်များသည် စီဒီစက်များကို အသံချဲ့စက်၊ ဆောင်းဘောက်ကြီးများနှင့်တွဲဖက်၍ ကာရာအိုကေဆိုင်၊ လက်ဖက်ရည်ဆိုင်များကဲ့သို့ ဖွင့်နေရာ ပတ်ဝန်းကျင် နေထိုင်သူများ နားမခံနိုင်လောက်အောင် ဖြစ်နေပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ**

### ၃၉လမ်းနှင့်လမ်း၄၀(လယ်) ဘေးလမ်းကြား ကျူးကျော်ဆိုင်ကို ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

**ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၉လမ်းနှင့် လမ်း၄၀(လယ်) ဘေးလမ်းကြားတွင် အမိုးအကာများ အခိုင်အမာ ဆောက်လုပ်ထားရှိကာ မုန့်ဟင်းခါးနှင့် ထမင်းဆိုင်ဖွင့်လှစ်ထားရှိပြီး လူများကျူးကျော်နေထိုင်လျက်ရှိရာ တစ်နေ့ကုန်ချက်ပြုတ် ကြော်လှော်နေမှုမှ ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။**

လမ်းသူလမ်းသားများ

### ပလက်ဖောင်းဈေးသည်ကြောင့် လမ်းသွားများအခက်ကြုံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် မြေနီကုန်း ပလာဇာတစ်ဖက်တွင်ရှိသော ဗားကရာလမ်းမကြီးပေါ်ရှိ စေတနာလမ်းထိပ်မှ ရတနာလမ်းထိပ်အကြား ပလက်ဖောင်းနှင့် လူကူးမျဉ်းကျားပေါ်တွင် ဈေးဆိုင်များသည် ဈေးအမိုးထီးများ၊ ဈေးရုံတန်းများဖြင့် စည်းကမ်းမဲ့စွာ လမ်းပိတ်ဆို့၍ ရောင်းချနေပါသဖြင့် လမ်းသွားလမ်းလာများအတွက် အခက်အခဲကြုံတွေ့လျက်ရှိရာ စည်းကမ်းမဲ့ဈေးသည်များအား သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းရှင်းစေလိုသူ**

### နောက်ဖေးလမ်းကြား အမှိုက်များရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် လမ်း၁၄၀နှင့် ၁၃၄ လမ်းကြားတွင် အမှိုက်များမြင်မကောင်းအောင် ဖြစ်နေပါသည်။ ၁၃၄လမ်းတွင်တည်ရှိသော နေအိမ်ခန်းအချို့မှ အမှိုက်များ စည်းကမ်းမဲ့စွာ ပစ်ချနေပါသဖြင့် ခြင်၊ ယင်နှင့် ကြွက်များ ပေါများစေပြီး အနံ့အသက်ဆိုးများ နေ့စဉ်ရှူရှိုက်နေရကာ အမှိုက်ပုံ၏ထုထည်မှာ အလွန်ပင် မြင့်တက်နေပြီဖြစ်ပါ၍ ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်နှင့် အနံ့အသက်ဆိုးများ ရှင်းလင်းပေးပါရန်နှင့် အမှိုက်များပစ်မချရေး ကြပ်မတ်တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သန့်ရှင်းစေလိုသူ**

### ကျူးကျော်အလုပ်ရုံ မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် (၁၈)ရပ်ကွက် သဇင်လမ်းရှိ ဒန်သတ္တုအရည်ကျိုရုံနှင့် ဒန်ပေါင်းအလုပ်ရုံတို့သည် နောက်ဖေးလမ်းကြားပေါ် ကျူးကျော်ရုံ ဆောက်လုပ်ပြီး ခွင့်ပြုချက်မရှိ လုပ်ကိုင်နေရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။**

ရွှေပေါက်ကံသား

### တရားမဝင်ပုံ့ကျဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သာကေတမြို့နယ် ဇင်္ဂမလမ်းရှိ အမှတ်(၁)ဈေး သာကေတဈေးအတွင်း ရုံအမှတ် ဂ/ဃ/င/ဇ တို့၏ မျက်နှာစာတန်းတွင် ပုံ့ကျဈေးသည်များသည် ဈေးဖွင့်သည်မှ ဈေးသိမ်းသည်အထိ အချိန်ပြည့် တရားမဝင်ဖွင့်လှစ်ရောင်းချနေရာ လူသွားလမ်းပိတ်ဆို့နေပါသဖြင့် အဆိုပါ ပုံ့ကျဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးဝယ်သူတစ်ဦး**

### ရပ်ကွက်အတွင်းကဘော်ဒီရုံ ရွှေ့ပြောင်းပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့သစ် (က+ခ)ရပ်ကွက် (ခ/၁၁)လမ်းအတွင်းတွင် ကားဝပ်ရှော့နှင့် ဆေးဘော်ဒီလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ၄င်းဝပ်ရှော့နှင့်ဆေးဘော်ဒီလုပ်ငန်းမှ ထုရိုက်သံများနှင့် ဆေးနံ့ဆိုးများမှာ ပတ်ဝန်းကျင်နေထိုင်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေပါသဖြင့် သင့်လျော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

**စိတ်အနှောင့်အယှက်ဖြစ်ရသူ**

### တာမွေ ကျောက်မြောင်းရပ်ကွက်မှ ပိုင်ရှင်မဲ့ခွေးများ ဖယ်ရှားပေးပါ

စာတည်းရှင့်-

ကျွန်မတို့နေထိုင်သော တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်အတွင်း ခွေးလေခွေးလွင့်များ သောင်းကျန်းလျက်ရှိပါသဖြင့် လမ်းသွားလမ်းလာများ ခွေးကိုက်မခံရအောင် အထူးသတိထား သွားလာနေရပါသည်။ သို့ဖြစ်ပါ၍ ကျောက်မြောင်းရပ်ကွက်အတွင်းရှိ အောင်မင်္ဂလာပတ်လမ်းနှင့် သြဘာလမ်းထောင့်မှ ခွေးလေခွေးလွင့်များအား သက်ဆိုင်ရာမှ ဖယ်ရှားပေးနိုင်ရန် စာတည်းမှတစ်ဆင့် တင်ပြအပ်ပါသည်။

ကျောက်မြောင်းသူ

### ပဲကြော်ဖိုမှအညှော်နံ့ ဆောင်ရွက်ပြီးစီး

၆-၄-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မုံရွာမြို့၌ **'ပဲကြော်ဖိုမှအညှော်နံ့ကြောင့် ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးထိခိုက်'** ပေးစာနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး၍ စက်မှုဇုန်သို့ လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်စေရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### လူနေရပ်ကွက်မှ သစ်စက်ဖယ်ရှားပြီး

၂၀-၄-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြည်မြို့၌ **'လူနေရပ်ကွက်အတွင်းရှိသစ်စက် ဖယ်ရှားစေလို'** ပေးစာနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ကွင်းဆင်း စစ်ဆေး၍ လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်စေကာ အရေးယူဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မုးတိမ်ချောင်းကူး အုတ်ခုံခံသစ်သားတံတားဖွင့်

ရွှေဘို ဧပြီ ၂၂

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်လမ်း တံတား လုပ်ငန်းများမှ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု မင်းပေးကျေးရွာအနီးရှိ မူးတိမ်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ရက် နံနက် ၈နာရီက ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးနီထွန်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မူးတိမ်ချောင်းကူးတံတားသည် အရှည် ၁၄၅ပေ၊ အကျယ် ၁၂ပေရှိ အုတ်ခုံခံသစ်သားတံတားဖြစ်ပြီး ကျပ်သိန်း ၂၅၀ ဖြင့် အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**(မြို့နယ်စည်ပင်)**

# ဖန်းမော်၌ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေး

ဖန်းမော် ဧပြီ ၃၀

၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၅ရက် နံနက် ၉နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

## ရှင်းလင်း

ရှေးဦးစွာ ဗန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဗန်းမော်ခရိုင်၏ စတုတ္ထကာလတို(၅)နှစ် စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးဦးဝင်းကြည်က ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ရာ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်နှင့် မြို့များမှ တာဝန်ရှိသူများက လက်ခံ ယူကြသည်။

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော် မြို့နယ်၊ မိုးမောက်မြို့နယ်၊ မန်စီမြို့နယ်၊ ရွှေကူမြို့နယ်၊ လွယ်ဂျယ်မြို့၊ ဒေါ့ဖုန်းယန်မြို့၊ မြို့လှမြို့တို့မှ မြို့နယ်ဥက္ကဋ္ဌနှင့် စိုက်ညှိ အဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်တို့၏ စီစဉ်မှုဖြင့် မြို့တွင်းလမ်းများ၊ ရေမြောင်းများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဧပြီ၂၅ရက်က အမှတ်(၁၂)ရပ်ကွက် နယ်မြေ ၁၉တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (၀၂၆)

# ပန်းပညာရှင်များအစည်းအရုံး မြင်းမူ၌ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကျင်းပ

မြင်းမူ မေ ၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ မြင်းမူမြို့နယ် ပန်း ပညာရှင်များ အစည်းအရုံး ဖွဲ့စည်းတာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၉နာရီခွဲက မြို့နယ်ရုံး ရွှေပြည်သစ် ခန်းမ၌ ကျင်းပသည်။

## ပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)မှ အတွင်းရေးမှူး ဦးကြည်ဝင်း(Today)က မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်း အရုံး(ဗဟို)က အလုပ်အမှုဆောင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ပန်းချီလှတင်ထွန်း)တို့က အဖွင့် အမှာစကားများ ပြောကြားသည်။

## ဖတ်ကြား

ထို့နောက် မြင်းမူမြို့နယ် ရိုးရာပန်း ပညာရှင်များ အစည်းအရုံး၏ ရွေးချယ် တင်မြှောက်ထားသော အလုပ်အမှုဆောင် အမည်စာရင်းကို (ဗဟို) အတွင်းရေးမှူး ဦးကြည်ဝင်း(Today)က အတည်ပြု ဖတ်ကြားသည်။

## ပစ္စည်းပေးအပ်

ထို့နောက် မြင်းမူမြို့နယ် ရိုးရာပန်း ပညာရှင်များ အစည်းအရုံးက ရွေးချယ်တင် မြှောက်ထားသော အလုပ်အမှုဆောင်များ ကိုယ်စား ဥက္ကဋ္ဌဦးကျင်ဖေက ကျေးဇူးတင် စကားပြောကြား၍ မြို့နယ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သောင်းက (ဗဟို)မှအလုပ်အမှုဆောင် များအား လက်ဆောင်ပစ္စည်းများ ပေးအပ် ကြသည်။ (၀၃၅)

# ဖူးငုံလှိုင်စာကြည့်တိုက်အဆောက်အအုံဖွင့်

ဝိုင်းမော် ဧပြီ ၂၆

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နန့်ဝါကျေးရွာ ဖူးငုံလှိုင်စာကြည့်တိုက် အဆောက် အအုံသစ်ဖွင့်ပွဲကို ဧပြီ ၆ရက် နံနက် ၉နာရီက ကျင်းပရာ စာကြည့်တိုက် အဆောက် အအုံသစ်ကို ကျေးရွာဥက္ကဋ္ဌ ဦးလောလှိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဘောမ်ယိန်းက စာကြည့်တိုက် ရေရှည် တည်တံ့ရေးနှင့် ခိုင်မာရှင်သန်ရေးကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး၊ စာအုပ်စာစောင် ၅၀ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလမာန်ခေါင် လွမ်းထံ ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ညောင်ရွှေမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်း များကို စဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိရာ ဧပြီ ၁ရက်က ရွက်လှမြိုင် ပျိုးဥယျာဉ်အတွင်းရှိ ပျိုးပင်များပြုစု ပျိုးထောင် ဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်း ညွှန့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ

# ပြည်သူ့လူထုအထောက်အကူပြုသင်တန်းဖွင့်

အထက်မင်းလှ ဧပြီ ၂၀

ပြည်သူ့လူထု အထောက်အကူပြုအဖွဲ့ သင်တန်းဖွင့်ပွဲကို ဧပြီ ၃ရက် နံနက် ၉နာရီ က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

## ပညာပေးဟောပြော

သင်တန်းသို့ အမှတ် (၃)ရပ်ကွက်ရှိ လူငယ်၃၀ တက်ရောက်ပြီး ပြည်သူ့လူထု အထောက်အကူပြုအဖွဲ့ သင်တန်းတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ကျန်းမာရေးဆရာမကြီး ဒေါ်ခင်စန်းနှင့် သူနာပြုများက မျိုးဆက်ပွား ကျန်းမာရေး ပညာပေး ပုံပြကားချပ်များနှင့် ကွန်ဒုံး သုံးစွဲခြင်း၏ အကျိုးကျေးဇူးများ၊ အမျိုးသမီးများအတွက် သိသင့်သိထိုက်သော ပညာပေးဟောပြောပို့ချမှုများ ဆောင်ရွက် ကြကြောင်း သိရသည်။ (၀၇၆)

**ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့် ရှင်းသာယာလှပရေး လုပ်ငန်းများကို စီမံချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းဆုံ တိုင်များဆေးအသစ်သုတ်ခြင်းလုပ်ငန်းကို မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုး များပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

**ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-**

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက် သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

**သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-**

- ရေကို ကျိုချက်၍သောက်ပါ။
- ယင်နားစာများ မစားပါနှင့်။
- ယင်လုံအိမ်သာ အသုံးပြုပါ။
- အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ပေါင်းတည်၌ဖွင့်

ပေါင်းတည် ဧပြီ ၁၈

ပေါင်းတည်မြို့နယ် ပဲခူးရိုးမ(ရွှေလေး) တောင်ပေါ်ဒေသ ပြန်ချီတက်အုပ်စု ညောင်နီပင်ရွာ လမ်းပြကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၃ရက် မွန်းလွဲ၁နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က ဒေသဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့တို့က ရုပ်မြင်သံကြားပြစက်နှင့် စီဒီစက်(တစ်စုံ)အပါအဝင် စာအုပ်စာတမ်းမျိုးစုံ ၃၀၀ကျော်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာတမ်းမျိုးစုံ ၁၀၀ကျော် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါ အဆောက်အအုံသည် သွပ်မိုးပျဉ်ကာဖြစ်ပြီး ပရိဘောဂများ အပါအဝင် ငွေကျပ်၃၃၈၉၃၀၀ကို စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်ဖွင့်လှစ်နိုင်ခြင်း ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဧပြီ ၂၈ရက်က ကော့သောင်းမြို့ မြို့မတံတားနှင့် ဓမ္မာရုံဆိပ်ခံတံတား မြေထိန်းနံရံဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ကျန်းမာရေးနေ့ အထိမ်းအမှတ် မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဧပြီ ၂၀

**မိတ္ထီလာမြို့တွင် ကျန်းမာရေးဌာနမှ ဦးစီးကျင်းပသော ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ကို ဧပြီ ၇ရက် နံနက်က မိတ္ထီလာဆေးရုံကြီးအပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပွဲတွင် မိတ္ထီလာခရိုင် ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြား ရေးမှူး Dr. Sam Lee Pliong Bong Chong ၏ သဝဏ်လွှာကို ဖတ်ကြားပြီး မိတ္ထီလာမြို့ အထွေထွေ ရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၏ ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

**တက်ရောက်**

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ပွဲသို့ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်း၊ မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မိတ္ထီလာခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ဝ၈၆)**

## ဟိုပင်မြို့၌ မီးသတ်သင်တန်းဆင်း

ဟိုပင် ဧပြီ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့မီးသတ်တပ်ဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်း(၁/၂၀၀၉)သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၈နာရီက ဟိုပင်မြို့ ရွာသစ်ကြီး အခြေခံပညာအထက်တန်းကျောင်း ရေပူစမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဟိုပင်မြို့ အရန်မီးသတ်တပ်ခွဲမှူး ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းမှူးဦးမျိုးမြင့်က သင်တန်းသားတစ်ဦးချင်းသို့ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

## (၈၆) ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၃

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး(အင်ပူ) လူမှုထူးချွန်(ပထမဆင့်) **(အပေါ်ပုံ)**သည် ဧပြီ၂၆ရက် နံနက်ပိုင်းက မင်္ဂလာဗျူဟာအသင်းချုပ် အကြိမ်(၁၀၀)ပြည့် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲတွင် (၈၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ အလုံမြို့နယ် ဌာနာလမ်း အမှတ် ၂၆နေ ဆရာမကြီး ဒေါ်သန်းမြင့်က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် ဆေး/အာဟာရ အထွေထွေအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ရိပ်သာဒုတိယဥက္ကဋ္ဌဦးတင်လှိုင် လက်ခံယူစဉ်။** (၁၀၅)

## မီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မန္တလေး၌ကျင်းပ

မန္တလေး ဧပြီ ၂၄

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဧပြီ ၄ရက်က ၂၉လမ်း မန္တလေးတိုင်းမီးသတ်ဦးစီးဌာန၌ ကျင်းပရာ တိုင်းမီးသတ်ဦးစီးမှူး ဦးတင်မင်း တက်ရောက် အမှာစကားပြောကြားသည်။

**ရှင်းလင်း**

ရေးဦးစွာ တိုင်းဦးစီးမှူးက အမှာစကားပြောကြားပြီး တိုင်းရုံးဦးစီးအရာရှိမှ (၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စာရင်းများ ရှင်းလင်းတင်ပြသည်။

ထို့နောက်ခရိုင်မီးသတ်ဦးစီးအရာရှိက (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ အပါအဝင် လုပ်ငန်းကော်မတီ ၁၀ခုကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

**အားပေး**

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက် နံနက် ၇နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(ဝ၉ဝ)**

## လွယ်ဂျယ်စည်ပင် စိမ့်စမ်းရေပေးရေး လုပ်ငန်းဆောင်ရွက်

ဗန်းမော် ဧပြီ ၃၀

လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လူစုပါကျေးရွာစိမ့်စမ်းရေပေးရေးသွယ်တန်းခြင်းလုပ်ငန်းကို ဧပြီ ၄ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုလာရောက်စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဝဏ္ဏတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံဖွင့်

**ဆီဆိုင် ဧပြီ ၁၃**

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ထီတမောင်းကျေးရွာ ဘဝသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒေါ်ရီရီမေ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးနေမျိုးသူရိန်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များက စာအုပ်နှင့် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို မတ် ၃၀ရက်က မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်စက်ယန္တရားများ ကောင်းမွန်ကြံ့ခိုင်မှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က ရှင်းလင်းတင်ပြစဉ်။** (၀၀၁)

## မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါ ကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

**မီးသတ်ဦးစီးဌာန**

THREE FRIENDS CONSTRUCTION CO., LTD.

Discount ⇨ 5% To 10%
ငွေပေးချေမှု ⇨ အရစ်ကျငွေပေးချေမှု
ကုန်ကျစရိတ် ⇨ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ကောင်းမွန်သော အရည်အသွေးရစေရန် ညှိနှိုင်းဆောင်ရွက် ပေးနေပါသည်။

**အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ**

◈အခန်းဖွဲ့ခြင်း UPVC(ဂျပ်ဆင်ဘုတ်၊အုတ်၊Thaiply) ◈မျက်နှာကြက်အလှဆင်ခြင်း၊ ◈ပါကေးခင်းခြင်း၊ ◈ကြွေပြားကပ်ခြင်း၊ ◈ဆေးသုတ်ခြင်း၊ပေါလစ်တင်ခြင်း၊ ◈Modern Furniture များပြုလုပ်အလှဆင်ပေးခြင်း(MDF,PLy,Chip,Teak) ◈လျှပ်စစ်လုပ်ငန်းများ၊ ◈ရေသွယ်တန်းခြင်း၊ ◈မှန်၊Composite၊အလူမီနီယံများဖြင့် အလှဆင်ခြင်း၊ ◈စတီးလ်လုပ်ငန်းများ(စတီးလ်ဖြင့်လက်ရန်း၊ပရိဘောဂများပြုလုပ်ခြင်း) ◈သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရိုက်) ◈Rollershutter (လိပ်တံခါး) ◈ကျွန်းတံခါး၊ကျည်းပေါင်ပြုလုပ်ခြင်း၊ ◈အမိုးမိုးခြင်း၊ ◈အိမ်ပြုပြင်ခြင်း(Home Renovation)၊ ◈ခြံစည်းရိုးကာရံခြင်း၊ ◈ Architectural Design ရေးဆွဲပေးခြင်း၊

**အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း** ◈လာမီနိတ် Floor တစ်ကျင်း(135,000/-) ◈နံရံကပ် Wall paper ◈UPVC Door & Window

44A(1)၊ကျိုက်တော်အိမ်ရာ၊(ရန်ကုန်ကုန်သွယ်မှုဇာတိုဌာနအနောက်)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။ ☎01-201478,294864,298341,396683, 397301, 397302

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးအေးချို့နှင့်ဒေါ်သန်းအေးတို့၏သမီးဖြစ်သူ မဖြူဖြူလွင် ၁၄/ ဇလန (နိုင်) ၀၁၃၀၉၀ သည် မိဘများ၏ စကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် အိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအေးချို့**
**၁၄/ဇလန(နိုင်)၀၁၃၀၉၂၊**
**ဒေါ်သန်းအေး**
**၁၄/ဇလန(နိုင်)၀၁၃၀၉၁၊**
**ဇလွန်မြို့။**

မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြား နှင့် MRTV-4 ရုပ်သံလိုင်းများကို အထူးကြည်လင်ပြတ်သားစွာဖမ်းယူကြည့်ရှုနိုင်သော

RADAR® 3 IN 1 TV ANTENNA

ဈေးနှုန်း 13,000 ကျပ်

သရီးအင်ဝမ်း ရောင်စုံမီးလင်းအင်တာနာ

Model No. V309

Radar 3 in 1 TV Antenna တပ်ဆင်ပြီး ရုပ်သံကြည်လင်မှုမရှိပါက အိမ်တိုင်ရာရောက်လိုက်လံကြည့်ရှုဖြေရှင်းပေးမည်။

## ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့်တပည့် ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁၀ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါကြောင်း။

## မဟာသန္တိသုခကျောင်းတော်ကြီး၌ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်တော့မည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တဇနိတ၏ ဩဝါဒကိုခံယူလျက် အဘိဓမ္မာသင်္ဂြိုဟ်(မြန်မာ/အင်္ဂလိပ်)၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် ပုံမှန်သင်တန်းများကို ၂၀၀၉ခုနှစ် မေ ၉ရက်မှစ၍ အပတ်စဉ်(စနေ၊တနင်္ဂနွေနေ့)တိုင်း ဓမ္မဒါနသင်ကြားပို့ချမည် ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသူများသည် ၂၀၀၉ခုနှစ် မေ ၅ရက်မှစ၍ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ဖုန်း-၀၁-၅၄၄၁၇၈၊ ၀၁-၅၄၃၇၈၆တို့သို့ ဆက်သွယ်၍သော်လည်းကောင်း စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

## ကြော်ငြာအပေါ် ရှင်းလင်းခြင်း

၁၇-၁၂-၂၀၀၈ရက်ထုတ် သတင်းစာပါ မသီရိဇော် ၁၃/ကလန(နိုင်) ၀၇၅၄၂၇၏

အောင်ပန်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးခင်မောင်အေး ၁၂/တမန(နိုင်) ၀၈၉၄၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြော်ငြာအပ်ပါသည်။

အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်ရှိ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၁၃)နှင့်(၁၄) မြေကွက်ဥပစာများကို မသီရိဇော်အပါအဝင်(၁)မသီတာဦး၊ (၂)မခက်ရွှေဝါလှိုင်နှင့် (၃)မောင်ဇော်မင်းတို့က အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အထောက်အထားပြပြီး ဦးခင်မောင်အေးထံ လွှဲပြောင်းရောင်းချပေးရန် ကမ်းလှမ်းပြောဆိုလာသည့်အပေါ် ဦးခင်မောင်အေးကလည်း ဝယ်ယူရန်သဘောတူပြီး ရောင်းကြေးငွေအချို့အဝက်ကို မသီရိဇော်တို့မောင်နှမလေးဦးထံ ပေးချေ/ လက်ခံခဲ့ပြီးသည့်နောက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပြီးသည့်အချိန်တွင် ကျန်ငွေအပြေအကျေကို ထပ်မံပေးချေ/လက်ခံကြရန် သဘောတူညီခဲ့ပြီး လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် မသီရိဇော်(ပါလေးဦး)တို့က ကလောမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၃/ ၁၂-၈-၂၀၀၈)နှင့် (၂၈၄/၁၂-၈-၂၀၀၈)တို့ဖြင့် ဦးခင်မောင်အေးထံသို့ အထူးကိုယ်စားလှယ်လွှဲစာများကို လွှဲအပ်ပေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ကိုယ်စားလှယ်လွှဲစာများအရ ဦးခင်မောင်အေးက စာချုပ်မှတ်ပုံတင်နိုင်ရေးအတွက် မြို့နယ်ကာလတန်ဖိုး စိစစ်ရေးအဖွဲ့သို့တင်ပြပြီး အဆိုပါအဖွဲ့မှသတ်မှတ်ပေးသော တန်ဖိုးအပေါ် အခွန်ထမ်းဆောင်ခြင်း၊ အခွန်တံဆိပ်ခေါင်းများ ဝယ်ယူခြင်းများပြုလုပ်ဆောင်ရွက်ထားပြီး မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် အဆင်သင့်ရှိနေပြီးဖြစ်ပါသည်။ မူလသဘောတူညီချက်များနှင့်အညီ ဦးခင်မောင်အေးက ဆောင်ရွက်ခြင်းဖြစ်၍ မသီရိဇော်အနေဖြင့် ယခုကဲ့သို့ ကျန်မောင်နှမများ၏ သဘောတူညီချက်များမပါဘဲ တစ်ဦးတည်းက တစ်ဖက်သတ်လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာများကို ရုပ်သိမ်းပယ်ဖျက်ခွင့်မရှိပါ။ ဦးခင်မောင်အေးအနေဖြင့်လည်း မသီရိဇော်၏ ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းပယ်ဖျက်ခြင်းအပေါ် အသိအမှတ်မပြုလက်မခံနိုင်ပါကြောင်းနှင့် မူလသဘောတူညီချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထပ်မံနှောင့်ယှက်ကန့်ကွက်မှုများပြုလုပ်ခဲ့ပါက မသီရိဇော်အပေါ် ဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားရလိမ့်မည်ဖြစ်ပါကြောင်း ရှင်းလင်းကြော်ငြာအပ်ပါသည်။

**ဦးခင်မောင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖူးဝေခင် (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**မြမြင့်မိုရ်ရှေ့နေရုံးခန်း**
**အခန်း ၁၀၆၊ ဝိုင်အမ်စီအေတိုက်တန်း**
**ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။**

Olive Ph; 095018346

ကိုဦးခန့်မြတ်-ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေး

ဆရာဗစ်တာမြတ်-ကိုရီးယားစကားပြော

Basic,Intermediate,Advance,Speaking

မ/၂၄၄၊၄-လွှာ၊ဂမုန်းပွင့်ကုန်တိုက်မျက်နှာချင်းဆိုင်၊ မြေနီကုန်း၊စမ်းချောင်း၊ဖုန်း 095018346

## မဏိစန္ဒာ

**အမျိုးသမီးအပ်ချုပ်သင်တန်း**
**ဘာသာစုံစနစ်တကျ အတတ်သင်ပေးသည်**
**(လက်မနည်း၊ စင်တီမီတာနည်း)**

(၁) အိမ်အရောက်သီးသန့်သင်တန်း
(၂) စက်ကြီးပန်းထိုးသင်တန်း
(၃) အိမ်တွင် အသင့်ချုပ်နိုင်ရန် ညှပ်ပြီးပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
(၄) ရပ်ဝေးသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးပါသည်။

(၁) အမှတ်-၆၅၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်
(၂) အမှတ်-၁၀၄၊ ၁၁၂ အနော်ရထာလမ်း (၃၇လမ်း-၃၈လမ်းကြား)

**ဖုန်း-၃၈၈၂၃၃၊ ၀၉-၅၀-၀၇၆၅၀၊ ၃၇၅၀၀၄။**

## မမြယမင်းဆွေနှင့် အများသိစေရန်

ကလောမြို့နယ် အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်နေ ဒေါ်အေးအေးသန်း၁၃/ကလန(နိုင်)၀၅၇၅၀၀၏လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

မမြယမင်းဆွေ ၁၃/ကလန(နိုင်) ၀၈၈၄၅၉သည် အတူနေ အုပ်ထိန်းသူအဒေါ်ရင်းဖြစ်သည့်ဒေါ်အေးအေးသန်း၏ ဆိုဆုံးမမှုများကိုနာခံခြင်းမရှိသည့်အပြင် ဆွေမျိုးအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာကို ထောက်ထားမှုမရှိဘဲ ၄-၄-၂၀၀၉ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား အမွေစားအမွေခံ တူမရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်ချိုမာထွန်း(အထက်တန်းရှေ့နေ)**
**မြမြင့်မိုရ်ရှေ့နေရုံးခန်း-၂၊ တောင်ကြီးမြို့။**

## နွားထိုးကြီး၌ ဇီဝဘက်ထရီဖြင့် မီးလင်းမှုသရုပ်ပြ

**နွားထိုးကြီး မေ ၂၂**

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ယာယီ) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့်အဖွဲ့သည် ဧပြီ ၁၀ရက်က မြို့နယ်စုပေါင်းရုံးတွင် ဇီဝဘက်ထရီဖြင့် မီးလင်းမှုသရုပ်ပြပွဲကိုကျင်းပရာ မြို့ပေါ်ရပ်ကွက်ရှစ်ရပ်ကွက်ဥက္ကဋ္ဌများနှင့် ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြပြီး ဇီဝဘက်ထရီဖြင့် မီးလင်းခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ထွန်းအောင်က လက်တွေ့သရုပ်ပြသကြသည်။ (၀၉၂)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အနောက်စောင်းတန်းလမ်း အကျယ် ပေ၂၀ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လမ်းတာဝန်ခံအင်ဂျင်နီယာ ဦးလှမျိုးဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၁၉ရက်က ရွှေကူမြို့နယ်၏ နွေစပါးလျာထားဧကပြည့်မီရေးအတွက် ကျောက်ကြီးကျေးရွာ သီလဖအင်းရေနက်ကွင်းကို ဒေသတာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှုဖြင့် နွေစပါးစိုက်ပျိုးရာ ရေနက်ကွင်းအတွင်း စိုက်ပျိုးထားသော နွေစပါးများအောင်မြင် ဖြစ်ထွန်းမှုကို တွေ့ရစဉ်။ (၁၇၉)

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စဝ်စံထွန်းလမ်း ကတ္တရာခင်းရန်အတွက် အောက်ခံကျောက်များခင်းခြင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အကြို ဂုဏ်ပြုသတင်းဆောင်းပါး

# အစဉ်နိုးကြားသောအသိနှင့် သတိထားကာကွယ် မီးဘေးအန္တရာယ်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၃

မြန်မာနိုင်ငံမီးသတ်သမိုင်းကြောင်းသည် ပုဂံခေတ်ကပင် စတင်ခဲ့သည်။ ''သောသောည်း ပုဂံမီးဆော်မောင်း'' ဆိုသည့် စကားအတိုင်း အေဒီ ၁၁ရာစု (၁၀၄၄ ခုနှစ်)၌ ပုဂံပြည် အနော်ရထာမင်းလက်ထက်တွင် မီးကပ်တပ်သား ၆၆၃ဦးဖြင့် မီးသတ်လုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်ဟု သမိုင်းမှတ်တမ်းများက ဖော်ပြခဲ့သည်။

မျက်မှောက်ကာလ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ၁၉၄၆ခုနှစ် မေ ၅ရက်က စတင်ဖွဲ့စည်းခဲ့ရာ ယခုမေ၅ရက်၌ (၆၃)နှစ်ပြည့်မြောက်ပြီဖြစ်သည်။ (၆၃)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့်သဘာဝဘေး အန္တရာယ်များမှကင်းဝေးသက်သာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

**ကြိုတင်ကာကွယ်ရေး**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မီးဘေး ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ အသက်ကယ်တင်ရေးလုပ်ငန်းများ

*စာမျက်နှာ ၁၀ ကော်လံ ၁ ✻*



အထပ်မြင့် အဆောက်အအုံပေါ်မှ မီးလောင်ခံရသူအား မီးသတ်တပ်ဖွဲ့ဝင်များက ဤသို့ စွန့်စွန့်စားစား ကယ်ဆယ်မှုကို သရုပ်ပြနေသည့် မြင်ကွင်း....။ (မြန်မာ့အလင်း)

မြန်မာ့အလင်း **အစားအစာနှင့် ကျန်းမာရေး**

## အသင့်ပြုလုပ်ထားသော အစားအစာများ ဦးနှောက်မှတ်ဉာဏ် ထိခိုက်နိုင်ဟုဆို

*အလွယ်တကူရရှိသော အစားအစာများကို စိတ်ဆန္ဒရှိသည့် အချိန်များတွင် စားသုံးလေ့ရှိသူများသည် အသက်အရွယ်ရလာချိန်၌ ဦးနှောက်မှတ်ဉာဏ်စွမ်းအား လျော့ကျစေနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံ ပညာရှင်များက ပြောကြားသည်။*

*ထိခိုက်နိုင်*

*မြင်တွေ့ရသူများ၏ စိတ်တွင် စားသုံးလိုစိတ် ဖြစ်ပေါ်အောင် စေ့ဆော်နိုင်သော အသင့်စားသုံးနိုင်သော ထုပ်ပိုးအစားအစာများသည်*

*စာမျက်နှာ ၁၁ ကော်လံ ၆ ❒*

လုံးချော (မြန်မာ) ဘယ်လက်သီးက ဆာမူကာဝါ (ဂျပန်)၏ မျက်နှာကို ဤသို့ ထိမိခဲ့သည်။ (မြန်မာ့အလင်း)

# မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ဒုတိယနေ့ယှဉ်ပြိုင် စောငမန်းက ဂျင်ကာဝါကို ပထမအချီ၌ပင် အနိုင်ယူ

## လုံးချောနှင့် ဆာမူကာဝါ သရေကျ

သတင်းမြင်ကွင်း-ဖင်လင်းထွန်း (ခနုဖြူ) ဓာတ်ပုံမှတ်တမ်း-တင်စိုးနှင့်သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူး၍ ထက်လင်းအကြောပြေ ဒဏ်ကျေလိမ်းဆေးတိုက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို)တာဝန်ယူစီစဉ်သည့် မြန်မာ-ဂျပန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (Myanmar-Japan Good Will Letwhay Competition) ဒုတိယနှင့် နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ညနေ ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ အလွတ်တန်း ဒဂုံရွှေအောင်လံဆုရှင် မြန်မာ့လက်ဝှေ့ကျော် စောငမန်းက ဂျပန်ဂျူဒိုခါးပတ်နက် ကစ်ဘောက်ဆင်သမား ဂျင်ကာဝါဟီရိုကီကို ပထမအချီ ၁မိနစ် စက္ကန့် ၄၀အတွင်း အမှတ်စဉ်သုံးကြိမ်အရေခံနေရသည်အထိ ထိုးသတ်အနိုင်ယူခဲ့ပြီး လုံးချောနှင့် ဆာမူကာဝါတို့ သရေပွဲဖြစ်သွားကြသည်။

*စာမျက်နှာ ၉ ကော်လံ ၃ ❍*

# အချိန်တိုအတွင်း လုံခြုံချောမွေ့စွာသွားလာနိုင်ရေး အထောက်အကူပြုပြီး ရထားရော ကားပါ ဖြတ်သန်းသွားလာနိုင်သည့် ရေဝတီတိုင်းမှ ဖားတစ်ရှဉ်းတံတား

ဧရာဝတီတိုင်း ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း၊ မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၇၂/၁၄-၁၅မိုင်တွင် တည်ရှိသည့် ဖားတစ်ရှဉ်းတံတား။

သတင်းမှတ်စု - တင်မာဝင်းနှင့်အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မေ ၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်း၊ ကားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးသကဲ့သို့ လမ်းတစ်လျှောက် မြစ်ချောင်းများကို ဖြတ်ကျော်၍ တံတားများတည်ဆောက်ပေးခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅ ●*